# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂-၉-၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါ်နီနီရွှေလျန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **ပြည်ပမှဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်ဖြန့်ချိသော ဆေးကုမ္ပဏီများသည် ပြည်တွင်းသို့ဆေးဝါးများ ဖြန့်ချိရာတွင် မူလဆေးဝါးဖြန့်ချိရေးကုမ္ပဏီမှ N.O.C ကန့်ကွက်ရန် မရှိကြောင်း အသိပေးစာပါဝင်မှသာ ဖြန့်ချိရေးကုမ္ပဏီအသစ်တစ်ခု ပြောင်းလဲနိုင်ခြင်းအား ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **ပုလဲမြို့နယ်ရှိ (၂၅)ခုတင်ဆံ့ဆေးရုံအား ခုတင်(၅၀)ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ဘူးသီးတောင်၊ မောင်တောဒေသများအား လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေအရ ကျန်းမာရေးစောင့်ရှောက် ဆောင်ရွက်မည့်ဒေသအဖြစ် သတ်မှတ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့၊ ရွှေမင်းဝံ ရပ်ကွက် (၁၆)ခုတင်ဆံ့ ဒေသန္တရဆေးရုံအား ဆက်လက်ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေး မြို့နယ်၏ အနောက်မြောက်ဒေသရှိ သင့်လျော်သောကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **ဧဝရတ်တောင်ထိပ်သို့ တက်ရောက် နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြင့်မား ထည်ဝါစေခဲ့သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှောက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့မှ အဆောက်အဦ ဟောင်း တစ်ခုပမာ စွန့်ပစ်ထားသော ယခင်ပြည်သူ့ဆေးရုံဟောင်းနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်းရန်နှင့် ဆေးရုံဟောင်းတွင် ကျန်းမာရေး လုပ်ငန်းများ၊ ရုံးများ ဖွင့်နိုင်၊ မဖွင့်နိုင်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသန်းညွန့်၊ ဖြူး မဲဆန္ဒနယ်က **"မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၈)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ ခွင့် ၁ ရက်၊

(၃) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၄) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊

(၅) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၂ ရက်၊

(၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲသီဟထွန်း ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၂ ရက်၊

(၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို (၂၅) ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ကျွန်မ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းချင်တဲ့မေးခွန်းကတော့ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ထန်တလန်မြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၃၇၁.၀၃ ကျယ်ဝန်း၍ ရပ်ကွက်သုံးခု၊ အုပ်စု ၃၆၊ ကျေးရွာပေါင်း ၈၂ ဖြင့် ဖွဲ့စည်းထားပါတယ်။ လူဦးရေ ၅၀၀၀၀ ကျော်နေထိုင်သည့် အိန္ဒိယနယ်စပ်မြို့ဖြစ်ပါတယ်။ တစ်မြို့နယ်လုံးရှိ လူဦးရေ ၁၅ ရာခိုင်နှုန်းသာ မြို့ပေါ်မှာနေထိုင်ကြပြီး ကျန် ၈၅ ရာခိုင်နှုန်းဟာ ကျေးလက်နေထိုင်သူများ ဖြစ်ကြပါတယ်။ မြို့နယ်အတွင်း ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၂၅ ခုတင်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံသုံးခု၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုရှိပါတယ်။ မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ အချို့ကျေးရွာများဟာ မိုးရာသီအတွင်း ဆိုင်ကယ်များမသွားနိုင်ပါသဖြင့် ခြေကျင်လမ်းလျှောက်လျှင် သုံးရက်ကြာသည့်ရွာများရှိနေပါသေးတယ်။ ထန်တလန် ပြည်သူ့ဆေးရုံတွင် အရေးပေါ်လူနာများ ကုသရာ၌ အထူးကုဆရာဝန်များမရှိခြင်း၊ ဆရာဝန်များနှင့် အခြားဝန်ထမ်းအင်အားမပြည့်စုံခြင်း၊ ခွဲစိတ်ကိရိယာ မလုံလောက်ခြင်းတို့ကြောင့် ထန်တလန်နှင့် ၂၄ မိုင် ကွာဝေးသော ဟားခါးပြည်သူ့ဆေးရုံ အပို့မှာလည်း လူနာတင်ယာဉ်မရှိခြင်း၊ အချိန်နှောင့်နှေးကြန့်ကြာခြင်း၊ စရိတ်အကုန်အကျများခြင်းတို့ကြောင့် ပြည်သူများ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့ရပါတယ်။

မှုကြမ်း

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ထန်တလန်မြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့ စာရင်းအရ ကုသရေးဝန်ထမ်းအင်အား ခွင့်ပြု ၁၁၂ တွင် ခန့်ထား ၇၀ ဦးရှိပြီး လစ်လပ်ဆရာဝန်ခြောက်ဦးအပါအဝင် အားလုံး ၁၄ ယောက်လစ်လပ်နေတာကို တွေ့ရှိရပါတယ်။ ပြည်သူ့ကျန်းမာရေးအင်အား ခွင့်ပြု ၁၄၆ ဦးအနက် ခန့်ထား ၈၁ ဦးသာခန့်ထားပြီး လစ်လပ် ၆၄ ရှိကြောင်း တွေ့ရှိရပါတယ်။ ဝေးလံခေါင်းပါးတဲ့ဒေသများကို ဘယ်သူမှမသွားချင်ကြပါဘူး။ အခုအခါမှာ ဝေးလံခေါင်းပါးတဲ့ဒေသများသွားရောက်ပြီး တာဝန်ထမ်းဆောင်သူများကို နှစ်အလိုက် အမှတ်ပိုပေးတဲ့စနစ်ရှိတယ်လို့ ကြားသိရတဲ့အတွက် ကျွန်မတို့ အများကြီးအားရကျေနပ်မိပါတယ်။ ထန်တလန်ပြည်သူ့ဆေးရုံအတွင်း ခုတင်အသုံးပြုမှုရာခိုင်နှုန်းကိုပြောမယ်ဆိုရင် ၂၀၁၁ ခုနှစ်မှာလည်း ၄၈ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်မှာ ၅၆ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်မှာ ၇၄ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၆၇.၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၈၆.၄ ရာခိုင်နှုန်း တိုးတက်လာခဲ့တာတွေ့ရတယ်။ ခုတင်အသုံးပြုမှုနည်းတာလည်း ၁-၉-၂၀၁၆ ရက်နေ့ ဝန်ကြီးရှင်းပြသလိုပဲ ဆရာဝန်မရှိခြင်း၊ သူနာပြုဆရာမများမပြည့်စုံခြင်း၊ ပစ္စည်းကိရိယာမစုံလင်မှုတို့အပေါ် အများကြီးမူတည်တဲ့အတွက် အညွှန်းကိန်းကို တစ်သမတ်တည်း သတ်မှတ်တာမဟုတ်ဘဲ ဝေးလံခေါင်းပါး၍ဖွံ့ဖြိုးမှုနိမ့်ကျနေသော ဒေသများရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားစဉ်းစားပေးပါရန် ကျွန်မတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ထန်တလန်မြို့နယ် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့

တွင် လူဦးရေ ၅၀၀၀၀ ကျော်ရှိပါတယ်။ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် ၂၅ ခုတင် ဆံ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့ ဆေးရုံ၏ ဆေးရုံဝန်ဆောင်မှုများကို ကျွန်တော်တို့အနေနဲ့ လေ့လာတဲ့ အခါမှာ ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၁၆ ခုနှစ်အထိ လေ့လာပါတယ်။ ၂၀၁၁ ခုနှစ်တွင် ဆေးရုံ ခုတင်အသုံးပြုတာ ၂၆.၄ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၅၁.၃၂ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၆၈ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၈၆.၄ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ်တွင် ၇၇.၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ တစ်နေ့ပျမ်းမျှအတွင်းလူနာအနေဖြင့် အနည်းဆုံးနှစ်တွင် သုံးဦးခန့်သာရှိပြီး အများဆုံးနှစ်တွင် ၂၂ ဦးခန့်ထိသာရှိကြောင်း တွေ့ရပါတယ်။ ပြင်ပလူနာများ လာရောက်ကုသခြင်းအနေဖြင့် အနည်းဆုံးနှစ်တွင် တစ်နေ့ပျမ်းမျှ ၁၄ ဦးနှုန်းနှင့် အများဆုံး ၃၂ ဦးခန့် သာရှိကြောင်း တွေ့ရပါတယ်။ လက်ရှိအချိန်တွင် ဆရာဝန်သုံးဦးနှင့် သွားဆရာဝန်တစ်ဦး၊ သူနာပြု ၁၄ ဦး၊ အခြားဝန်ထမ်း ၂၈ ဦး စုစုပေါင်း ၄၆ ဦးနဲ့ လုပ်ဆောင်လျက်ရှိပါတယ်။ စုစုပေါင်းဝန်ထမ်းအင်အား အနေဖြင့် ၂၅ ခုတင်ဆံ့၏ ၅၅ ယောက်တွင် ၄၆ ယောက်ဖြင့် လုပ်ဆောင်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို ခွဲစိတ်ကိရိယာများမလုံလောက်ခြင်းကိစ္စကို ဆောင်ရွက်ဖို့က ကျွန်တော်တို့အနေနဲ့ အလွန်လွယ်ပါတယ်။ ဒီအကြောင်းကို ကျွန်တော်တို့သိရင် ချက်ချင်းလုပ်လို့ရပါတယ်။ ထို့အပြင် လူနာတင်ယာဉ်မရှိတဲ့အတွက်လည်း လူနာတင်ယာဉ်ပေးမယ့် ကိစ္စကလည်း ဖြစ်နိုင်တဲ့အစီအစဉ်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုသည်မှာ ဆေးရုံကို ၂၅ ခုတင်မှ ၅၀ ခုတင်ထိတိုးလို့ရှိရင် ကျွန်တော်တို့အနေနဲ့ လူဦးရေကို လုံးဝမဖြည့်နိုင်ပါဘူး။ အဓိက အရေးကြီးတာက ဆေးရုံမှာ လိုအပ်တဲ့ဆရာဝန်နဲ့ ပစ္စည်းကိရိယာများ ပြည့်စုံမှုက အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပထမအဆင့်အနေနဲ့က ရှိသမျှဆေးရုံများတွင် ပစ္စည်း ကိရိယာများ စုံလင်မှု၊ ဆရာဝန်၊ သူနာပြု အစရှိသည့်ဝန်ထမ်းများ ခန့်အပ်မှုသည် ပထမဦးစားပေးအစီအစဉ်ရှိပါ တယ်။ ဆေးရုံခုတင်တိုးခြင်းဖြင့် ဆေးရုံ၏ဝန်ဆောင်မှုကိစ္စများ တိုးလာမည်မဟုတ်ပါ။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် တင်ပြလိုသည်မှာ ကျွန်တော်တို့ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဆေးရုံများ၏ဝန်ဆောင်မှုကို တိုင်းတာသည့်အညွှန်းကိန်းများဟာ ခေတ်နှင့်လိုက်လျောညီထွေရှိရန် ကျွန်တော်တို့ ပြန်လည်ပြုပြင်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရှိ ဆေးရုံတိုင်း၌ရှိသော တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၏ ခွင့်ပြု၊ ခန့်ထားလစ်လပ်အခြေအနေ၊ ဆေးရုံ၌ရှိသော ရောဂါရှာဖွေရေးပစ္စည်းကိရိယာများ၊ ခွဲစိတ်ခန်း

ပစ္စည်းကိရိယာများအခြေအနေအသေးစိတ်၊ ဆေးရုံအဆောက်အဦအခြေအနေ၊ ဝန်ထမ်းအင်အား အခြေအနေများကို တစ်ပြည်လုံးအတိုင်းအတာအနေနဲ့သုံးသပ်ရန် ကျွန်တော် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဖြေများအားလုံးကတော့ရရှိရန် သုံးလ၊ လေးလခန့်ကြာမည်ဖြစ်ပါတယ်။ ရရှိသောစာရင်းဇယားများကိုသုံးသပ်ပြီး ဆေးရုံ၌ ခုတင်တိုးရန်လို/မလို၊ လူအင်အားဖြည့်ရန်လို/မလို၊ ထောက်ပံ့ဝယ်ယူရမည့်ပစ္စည်းများလို/မလို၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများလို/မလိုတို့ကို ကျွန်တော်တို့အနေနဲ့ အကုန်သိရှိမှာဖြစ်ပါတယ်။ ထိုသို့သိရှိမှသာလျှင် ကျွန်တော်တို့အနေနဲ့ အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ ဤအဖြေများကို ရရှိပါက ကျွန်တော်တို့၏ လူ့စွမ်းအားအရင်းအမြစ် (Human Resources) ထုတ်လုပ်မှုပုံစံ၊ နေရာချထားမှုပုံစံတို့ကို ကျွမ်းကျင်မှုပုံစံအပြည့်ဖြင့် ကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ နောက်ပိုင်းတွင် မေးမည့်မေးခွန်းများလည်း နည်းသွားမည်ဟု ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို ၂၅ ခုတင်မှ ၅၀ ခုတင်ကိုတိုးဖို့ကို ယခုလောလောဆယ် ရရှိသောစာရင်းဇယားများအရ မလိုသော်လည်း ကျွန်တော်တို့ မှန်ကန်တဲ့စာရင်းဇယားများကို တောင်းခံ၍ ရရှိသည့်အခါမှာတော့ လိုအပ်လျှင် လိုအပ်သလို စဉ်းစားမည် ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြင်ပမှဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်ဖြန့်ချိသော ဆေးကုမ္ပဏီများသည် ပြည်တွင်းသို့ ဆေးဝါးများဖြန့်ချိရာတွင် မူလဆေးဝါးဖြန့်ချိရေးကုမ္ပဏီမှ N.O.C ကန့်ကွက်ရန်မရှိကြောင်း အသိပေးစာပါဝင်မှသာ ဖြန့်ချိရေးကုမ္ပဏီအသစ်တစ်ခု ပြောင်းလဲနိုင်ခြင်းအား ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပြည်တွင်းကို ဆေးဝါးတွေတင်သွင်းဖြန့်ချိတဲ့နေရာမှာ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကနေချမှတ်ထားတဲ့ စည်းမျဉ်းတွေအရ ကန့်သတ်မှုတွေရှိနေခြင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားက ဆေးနှင့်ဆေးထုတ်လုပ်တဲ့ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံကို ဆေးဝါးတွေ

တင်သွင်းရောင်းချဖို့ ပထဦးဆုံး FDA ကနေပြီးတော့မှ အသိအမှတ်ပြုတဲ့ DRC-Drug Registration Certificate ရအောင် ဆောင်ရွက်ရပါတယ်။ ဒုတိယအဆင့်အနေနဲ့ဆိုလို့ရှိရင်တော့ ပြည်တွင်းကို ဆေးဝါးတွေတင်သွင်းနိုင်ဖို့အတွက် ပြည်တွင်းကုမ္ပဏီတစ်ခုခုကို Letter of Authorization ကိုယ်စားလှယ်လွှဲစာ ပေးရပါတယ်။ အဲဒီကနေမှတစ်ဆင့် ဒီကိုယ်စားလှယ်လွှဲအပ်ခြင်းခံရတဲ့ ပြည်တွင်းကုမ္ပဏီက FDA ကို DIAC လို့ခေါ်တဲ့ Drug Importation Approval Certificate ထပ်မံလျှောက်ထားရပါတယ်။ ဒီ DIAC ရတဲ့အချိန်ကျတော့မှ ပြည်တွင်းကို ဆေးနှင့်ဆေးပစ္စည်းတွေ တင်သွင်းခွင့်ရရှိခြင်းဖြစ်ပါတယ်။ ဒီလိုအဆင့်တွေဆောင်ရွက်လုပ်ဆောင်နေရခြင်းကလည်း ပြည်တွင်းမှာရှိနေတဲ့ ပြည်သူတွေအတွက် စစ်မှန်တဲ့၊ အရည်အသွေးပြည့်ဝတဲ့ ဆေးနှင့်ဆေးပစ္စည်းတွေ ရောက်ရှိအောင် ဆောင်ရွက်နေရခြင်းဖြစ်တဲ့အတွက် သင့်တော်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဒုတိယအနေနဲ့ ဆွေးနွေးလိုတဲ့အဓိကအချက်ကတော့ ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ချိရေးအပိုင်းနှင့်သက်ဆိုင်ပါတယ်ခင်ဗျား။ ပြည်ပကုမ္ပဏီတွေက ပြည်တွင်းမှာ ဆေးတွေဖြန့်ချိတော့မယ်ဆိုရင် ဖြန့်ချိခွင့်ရရှိထားတဲ့ ပြည်တွင်းကုမ္ပဏီတွေနဲ့ ချိတ်ဆက်ဆောင်ရွက် ရပါတယ်။ အဲဒီလိုမျိုး ချိတ်ဆက်ဆောင်ရွက်တဲ့နေရာမှာ ကုမ္ပဏီအချို့ရဲ့ ဖြန့်ချိရေးပိုင်းအားနည်းမှုတွေကြောင့် တရားဝင်အသိအမှတ်ပြုဆေးဝါးတွေက ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်တွေအနှံ့ မရောက်ရှိ ခဲ့ဘူးဆိုပါက ဒီအရည်အသွေးပြည့်မီတဲ့ဆေးဝါးတွေ ပြည်သူတွေရဲ့ လက်ဝယ်ကိုရောက်ရှိဖို့ အခက်အခဲတွေဖြစ်ပေါ်လာပါတယ်။ အဲဒီလိုမျိုးအခက်အခဲတွေနဲ့ ကြုံတွေ့လာလို့ရှိရင် ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီတွေက အခြားကုမ္ပဏီတစ်ခုခုကို ပြောင်းလဲပြီးတော့ ဖြန့်ချိခြင်းဆောင်ရွက်လိုပါက မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကချမှတ်ထားတဲ့ စည်းမျဉ်းအရ ကန့်ကွက်ရန်မရှိကြောင်းအသိပေးစာ၊ မူလဖြန့်ချိတဲ့ကုမ္ပဏီက ကန့်ကွက်ရန်မရှိကြောင်း အသိပေးစာ NOC- No Objection Certificate, No Objection Letter ဒီဟာပါတော့မှပဲ နောက်ထပ်အခြားသောဖြန့်ချိရေးကုမ္ပဏီတစ်ခုကို လွှဲပြောင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအချက်က သာမန်အနေနဲ့ကြည့်မယ်ဆိုလို့ရှိရင်တော့ ပြည်တွင်းလုပ်ငန်းရှင်တွေကို အကာအကွယ်ပေးထားတယ်လို့ ယူဆရသော်လည်း ဈေးကွက်လက်ဝါးကြီးအုပ်မှုကိုတော့ အလွန်အကျွံဖြစ်စေပါတယ်။ ဒါ့အပြင် ဖြန့်ချိရေးလုပ်ငန်းကို စတင်လုပ်ကိုင်လိုတဲ့ ပြည်တွင်းလုပ်ငန်းရှင်ငယ်တွေအတွက်ကိုလည်း ပိတ်ပင်တားဆီးထားသလို ဖြစ်နေပါတယ်။ အဆိုးဆုံးအချက်ကတော့ ဖြန့်ချိရေးအပိုင်းလုပ်ငန်းအားနည်းတဲ့ ကုမ္ပဏီအချို့ကြောင့် အရည်အသွေးပြည့်မီတဲ့ဆေးတွေ၊

ဆေးပစ္စည်းတွေ၊ ဒီဟာတွေက ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့်မရောက်ရှိနိုင်ခြင်းပါပဲ။ ဒီဟာရဲ့ အကျိုးဆက်အနေနဲ့ဆိုလို့ရှိရင်တော့ ပြည်တွင်းဆေးပစ္စည်းဈေးကွက်မှာ FDA ရဲ့အသိအမှတ်ပြုမှုတွေလည်းမပါ။ ပြည်တွင်းကို တင်သွင်းဖြန့်ချိဖို့အတွက် DIAC ကဲ့သို့သော အရည်အသွေးစစ်ဆေးချက်တွေလည်း မပါရှိတဲ့ အထောက်အထားမဲ့ တရားမဝင်တင်သွင်းတဲ့ဆေးတွေ၊ နောက်ပြီးတော့ အရည်အသွေးမပြည့်မီတဲ့ဆေးဝါးနှင့် ဆေးပစ္စည်းအတုတွေ အလုံးအရင်းနှင့် ဝင်ရောက်လာခြင်းနှင့် သက်တမ်းလွန်ဆေးဝါးတွေကိုလည်း ဆက်လက်ရောင်းချနေခြင်းတွေ ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ဒါတွေကိုလည်း နေ့စဉ်ထုတ်သတင်းစာတွေနဲ့ ဂျာနယ်တွေမှာ အများအပြားပါရှိပြီးသားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အရည်အသွေးပြည့်မီတဲ့ စစ်မှန်သော ဆေးနှင့် ဆေးပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးဟာ ပြည်သူတွေရဲ့အသက်အန္တရာယ်နှင့် တိုက်ရိုက်သက်ဆိုင်နေပါသဖြင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းမှ ချမှတ်ထားသော မမျှတသည့် စည်းကမ်းချက်များကိုပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းသည် အလွန်ကောင်းသောမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဗဟိုအစားအသောက်ဆေးဝါးကြီးကြပ်ရေး ကွပ်ကဲမှုကော်မတီ၊ ဆေးဝါးအကြံပေးရေးကော်မတီ၊ Drug Advisory Committee တို့၏ ကြီးကြပ်မှုများဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းစသည့်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဈေးကွက်ရှိဆေးဝါးများကို စုံစမ်းထောက်လှမ်းခြင်း(Post Marketing Surveillance)၊ အရည်အသွေးစစ်ဆေးခြင်း၊ ဆေးဝါးအတွက်ဆိုးကျိုးများ(Side-effect)များကို ကြည့်ရှုခြင်း၊ စည်းကမ်းဖောက်ဖျက်သူများကို အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခြင်းများကို ပြုလုပ်လျက်ရှိပါတယ်။

အမျိုးသားဆေးဝါးဥပဒေအရ ထုတ်ပြန်ထားသော ၅-၈-၁၉၉၃ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်(၅/၉၃)အရ မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို တင်သွင်းရန်အတွက် ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို ဖော်ပြထားပါတယ်။ တင်သွင်းဖြန့်ချိမည့်ကုမ္ပဏီ၏ တင်ပြချက်အထောက်အထားများ စိစစ်မှန်ကန်ပါက ကုမ္ပဏီသို့ တစ်ကြိမ် တင်သွင်းခွင့် ခွင့်ပြုဆောင်ရွက်ပါတယ်။ ဆေးဝါးများတင်သွင်း၍ ပထမအကြိမ်ရောက်ရှိလာသော ဆေးဝါးများရောက်ရှိလာပါက ကုမ္ပဏီ၏ဆေးသိုလှောင်ရုံကို ကောင်းမွန်သော ဆေးသိုလှောင်မှုစနစ်(Good Storage Practice) ကိုက်ညီမှုရှိ/မရှိ ကွင်းဆင်းဆောင်ရွက်ပါတယ်။ များသောအားဖြင့် ဆေးများမှာ ရောက်လာသော်လည်း သူတို့သည် မှန်ကန်သော Temperature အစရှိသလိုမထားပါက ဆေးဝါးများ၏အာနိသင်သည် လုံးဝကျဆင်းသွားမည်ဖြစ်သည့်အတွက် ကျွန်တော်တို့အနေနဲ့ အဲဒါကို သွားရောက်ကြည့်ရှုပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါမှ ဆေးဝါးတင်သွင်းခွင့်လုပ်ငန်းခွင်လိုင်စင် (Drug Importation Approval Certificate- DIAC)ကို သက်တမ်းသုံးနှစ် ပေးပြီးတော့ ခွင့်ပြုလိုက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဆေးဝါးတင်သွင်းခွင့် လျှောက်ထားရာတွင် တရားဝင်ကိုယ်စားလှယ်ခန့်အပ်လွှာ(Letter of Authorization)မှာ အဓိကကျပါတယ်။ ဆေးထုတ်လုပ်လိုက်တဲ့ နိုင်ငံခြားမှ ဆေးဝါးပိုင်ရှင် Owner မှ Sole Distributor တစ်ခုတည်း တင်သွင်းဖြန့်ချိရေးကိုယ်စားလှယ်ခန့်ထားပါက ကျွန်တော်တို့အနေနဲ့ ဘာမှလုပ်၍မရပါ။ အခြားကုမ္ပဏီမှ တင်သွင်းခွင့်မရှိပါကြောင်း Sole Distributor ခန့်အပ်သော ကုမ္ပဏီ၏ No Objection Letter ရရှိပါမှ အခြားကုမ္ပဏီတစ်ခုမှ ဆေးဝါးတင်သွင်းခွင့်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဤကိစ္စကို ပြောင်းလဲဖို့လိုမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဥပဒေကိုပြင်ရမှာပါ။ ဥပဒေကို ပြင်ရမယ် ဆိုတာက နိုင်ငံခြားမှာရှိသော ကုမ္ပဏီတစ်ခုမှ ဝယ်သောဆေးသည် သူတို့အနေနဲ့ Sole Distributor လုံးဝပေးခွင့်မရှိ။ Distributor အများကြီးကို ပေးရမည်ဟု ပါလာလို့ရှိရင်တော့ Sole Distributor တစ်ယောက်မရပါဘူး။ အခုဖြစ်နေသည့်ကိစ္စက Sole Distributor ၏ လက်ဝါးကြီးအုပ်ပြီးတော့ တစ်ယောက်တည်းသာဖြစ်နေသည့်အတွက် နောက်တစ်ယောက်က ထပ်ပြီးတော့ ဒီဟာကို လိုလို့ရှိရင် ဒီ Sole Distributor ထံမှ No Objection Certificate ကို တောင်းရပါတယ်။ No Objection Letter ကို တောင်းခံရခြင်းမှာ တရားဝင်ကိုယ်စားလှယ်ရုပ်သိမ်းခံရသည့် သို့မဟုတ် ရုပ်သိမ်းခံရမည့် ယခင်ကုမ္ပဏီအနေဖြင့် ငွေရေးကြေးရေးပြဿနာ၊ အခြားနစ်နာမှုများရှိ၍ ကန့်ကွက်မှုများရှိပါက မြန်မာ နိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရှေ့မှောက်

တွင် ကုမ္ပဏီအချင်းချင်းပြဿနာများ ဖြေရှင်းခြင်း ပြုလုပ်ရသည့်ကိစ္စဖြစ်ပါတယ်။ No Objection Letter မရဘဲနဲ့ ခွင့်ပြုလိုက်လို့ရှိရင် Distributions လုပ်သည့်ကုမ္ပဏီနှစ်ခုသည် အကြီးအကျယ် ပြဿနာဖြစ်နိုင်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့သည် No Objection Letter ရမှသာလျှင် အခြားကုမ္ပဏီတစ်ခုကို လျှောက်ထားခွင့်၊ တင်သွင်းခွင့်၊ ဖြန့်ဖြူးခွင့်ကို ကျွန်တော်တို့အနေနဲ့ ပေးခြင်း ဖြစ်ပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်တော့ ကိုယ့်ဆေး ကို ကိုယ်ဝယ်ပြီး ကိုယ်ဟာကို Distributor လုပ်တော့ ပြဿနာ မရှိပါဘူး။ ဖြန့်ချိရေးကိစ္စမှာ No Objection Letter ကိစ္စမှာ ကုမ္ပဏီများအချင်းချင်းကိစ္စသာလျှင် ဖြစ်ပါတယ်။ ကျွန်တော်တို့ FDA နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသည့်အတိုင်း အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိသော ဆေးဝါးများတင်သွင်းဖြန့်ဖြူးရောင်းချမှုနှင့် နိုင်ငံအတွင်း ဆေးဝါးမပြတ်လပ်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးသွားတဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးကို ကျေးဇူးအများကြီးတင်ရှိပါတယ်ခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းလေးကို မေးမြန်းခွင့်ပြုပါ။ ယခင်အစိုးရလက်ထက်မှာတုန်းကတော့ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များအသင်းကနေပြီးတော့ ဘယ်အဆင့်အထိ လိုက်ပြီးတော့ ကြီးကြပ်တာမျိုးအဆင့်ထိရောက်လဲဆိုလို့ရှိရင် ဆေးဝါးတွေရဲ့ ဈေးနှုန်းကအစကန့်သတ်တာမျိုးတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒါကို အခု အစိုးရသစ်ကိုတက်လာပြီးသွားတဲ့နောက်ပိုင်းမှာ ရက် ၁၀၀ စီမံချက်အရ ဖြေလျှော့မှုအရ ဈေးနှုန်းကန့်သတ်ချက်တွေကိုတော့ ဒီဆေးနဲ့ ဆေးပစ္စည်းကုန်သည် ကြီးများအသင်းထံကို တင်ပြစရာမလိုတော့ဘူး။ မူရင်းဈေးအတိုင်းသာ တင်သွင်းခွင့်၊ ဖြန့်ချိခွင့်၊ ရောင်းချခွင့်ရှိတယ်ဆိုပြီးသွားတော့မှ ပြုပြင်ပြောင်းလဲပေးခဲ့တာမျိုးတွေရှိပါတယ်။ အဲဒီအတွက်လည်း အဲဒီလိုမျိုးပြုပြင်ပြောင်းလဲပေးနိုင်တဲ့အတွက်ကြောင့်မို့လည်း ပြည်ထောင်စုဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အခုအနေအထားမှာလည်း ကျွန်တော်တို့က DIAC က သုံးနှစ်တစ်ကြိမ် သက်တမ်းဆိုတာတော့ မှန်ပါတယ်။ ဒီသုံးနှစ်တစ်ကြိမ်သက်တမ်းပြီးသွားတဲ့အချိန်မှာ ဒီဆေးကို ထပ်မံ ပြီးတော့ တင်သွင်းဖို့အတွက်ဆိုရင် Renewable ပြန်လျှောက်ရပါတယ်။ အဲဒီလိုမျိုး ပြန်လျှောက်တဲ့ နေရာမှာ Distributor ကို ကျွန်တော်တို့က လဲချင်တယ်ဆိုလို့ရှိရင် N.O.C ကို FDA ကနေတောင်းနေ

တဲ့ကိစ္စပါ။ အဲဒီတော့ အဲဒီလိုမျိုး FDA ကနေပြီးတော့ N.O.C တောင်းနေတဲ့ကိစ္စကိုလည်း ဒီရက် ၁၀၀ စီမံချက်မှာတုန်းက ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ဈေးနှုန်းကိစ္စကို ဖြေလျှော့ပေးသလို အကယ်၍ များကျွန်တော်တို့က ကြားကာလမှာ Distributor ပြောင်းတာမျိုးမဟုတ်ဘဲနဲ့ သက်တမ်းပြည့်လို့ ပြောင်းတဲ့အချိန်မှာမျိုးကော ဒီ N.O.C Letter ကိုဖြေလျှော့ပေးနိုင်တဲ့ အစီအစဉ်ရှိ/မရှိဆိုတာကို တစ်ဆက်တစ်စပ်တည်းမေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားပါမယ်။ အခုတင်ပြချက်က အလွန့်အလွန် ကောင်းတဲ့ တင်ပြချက်ဖြစ်ပါတယ်။ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဒီ Sole Distributor ကို ဆက်ပြီးတော့ ဆက်တိုက် သုံးနှစ်၊ သုံးနှစ်၊ သုံးနှစ်ပေးလို့ရှိရင် ဒါလက်ဝါကြီးအုပ်တဲ့အခြေအနေ ဖြစ်ပါတယ်။ ထို့ကြောင့် နောက်တစ်ကြိမ် သုံးနှစ်သက်တမ်းပြည့်လို့ ပြန်လျှောက်မယ်ဆိုရင် ကျွန်တော် တို့က အားလုံးကို ညီတူညီမျှဈေးအနည်းဆုံးနဲ့ ရရှိမည့်ကုမ္ပဏီကိုပေးဖို့ဆိုတာ ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ညွှန်ကြားရေးမှူးချုပ်နဲ့ ဆက်လက်ပြီးဆောင်ရွက် ပေးပါမယ်။ ဒါဟာ အလွန်ကောင်းတဲ့အကြံဉာဏ်ဖြစ်တဲ့အတွက် အဖြစ်နိုင်ဆုံး လုပ်ပေးပါမယ်။ အဲဒါကို ကျွန်တော် တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပုလဲမြို့နယ်ရှိ ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၅၀ ဆံ့တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်မှာရှိတဲ့ ၂၅ ခုတင်ဆံ့ ဆေးရုံအား ခုတင် ၅၀ ဆံ့စံကိုက်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ရှိပြည်သူ့ဆေးရုံကြီးအား ပုလဲတစ်မြို့နယ်လုံးနှင့်အခြားနီးစပ်ရာကျေးရွာများမှ အားကိုးအားထားပြုနေရတဲ့ဆေးရုံကြီးဖြစ်ပါတယ်။ ယခု ဆေးရုံကြီးကို ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ ဆေးပေးခန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၆၂-

၁၉၆၃ ခုနှစ်မှစ၍ ၁၆ ခုတင်ဆံ့မြို့နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၆-၁-၂၀၀၆ ရက်နေ့မှစပြီး တော့မှ ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ပုလဲမြို့နယ်ဆေးရုံကြီးဟာ ယင်းမာပင်မြို့ဆေးရုံနှင့် ၁၁ မိုင်၊ မုံရွာဆေးရုံနှင့် ၃၂ မိုင်အကွာမှာရှိနေပြီး မြို့နယ်ချင်းဆက်စပ်လျက် ရှိတဲ့အခြားမြို့နယ်များဖြစ်တဲ့ ဆားလင်းကြီးမြို့၊ ယင်းမာပင်မြို့၊ ဂန့်ဂေါမြို့နှင့်မြိုင်မြို့နယ်တို့မှ နီးစပ်ရာ ကျေးရွာများမှလူနာများပါ ဆေးရုံတက်ရောက်ကုသရာ၊ အားကိုးအားထားပြုရာဆေးရုံတစ်ရုံဖြစ်တဲ့ အတွက်ကြောင့် ဆေးရုံကသေးငယ်နေပြီး လူနာနှင့်ဆေးရုံမမျှတတဲ့အခြေအနေမှာရှိနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်မှာ ဆေးရုံရဲ့အတွင်းလူနာဦးရေဟာ ၂၇၃၅ ဦးနဲ့ ပြင်ပလူနာဦးရေဟာ ၂၆၈၇ ဦး၊ မွေးလူနာ ၅၀၆ ဦးထိ ကုသပေးခဲ့ရတယ်လို့ မှတ်တမ်းများအရသိရပါတယ်။ ဒီလောက် များပြားလှတဲ့လူနာတွေကို လက်ခံကုသနေရတဲ့ဆေးရုံကြီးရဲ့အခြေအနေနဲ့ ဒီဆေးရုံကြီးရဲ့ဝန်ထမ်းများ နေထိုင်နေရတဲ့အခြေအနေဟာ အင်မတန်မှဆိုးဝါးပျက်စီးနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီပုံမှာ တွေ့ရတဲ့အတိုင်းပါပဲ။ ဒီကနေ့ လက်ရှိဝန်ထမ်းများနေထိုင်နေရတဲ့အခြေအနေဟာ ဒီလိုနေရာမျိုးတွေ မှာ နေထိုင်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါဟာ ကျွန်မတို့ Power Point မှာပြထားတဲ့အတိုင်း ပါပဲ။ ဝန်ထမ်းများအနေနဲ့ ဒီကနေ့၊ ဒီအခြေအနေမှာ ဆေးရုံကြီးကိုပြုပြင်ပေးဖို့ရာနဲ့ ဝန်ထမ်းများရဲ့ နေထိုင်နေရတဲ့ ဒီနေအိမ်တွေကို ပြုပြင်ပြောင်းလဲပေးဖို့ရာအတွက်က အားလုံးကတောင်းဆိုနေကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆေးရုံကြီးကလည်း နှစ်ကာလသက်တမ်းကလည်း ကြာရှည်နေပြီဖြစ်တဲ့အတွက် ကြောင့် ဟောင်းနွမ်းပျက်စီးနေတဲ့အပြင် တိုးတက်လာတဲ့လူဦးရေအရလည်း အဆင့်တိုးမြှင့်ရန်လိုအပ် နေပြီဖြစ်ပါတယ်။ အဆောက်အဦတိုးချဲ့ဆောက်လုပ်မယ်ဆိုလို့ရှိရင်လည်း မြေဧကအကျယ်အဝန်းဟာ ၆.၁၁ ဧကလည်းရှိပြီးဖြစ်တဲ့အတွက်ကြောင့် ယခုလက်ရှိ ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့စံကိုက် ဆေးရုံအဖြစ် တိုးချဲ့ပေးပါရန် အမှန်တကယ်လိုအပ်နေတဲ့အတွက်ကြောင့်လည်းကောင်း၊ ပြည်သူလူထု ကလည်းမျှော်လင့်နေတဲ့အတွက်ကြောင့်လည်းကောင်း ပြည်သူလူထုရဲ့ကိုယ်စား လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင် လူဦးရေ ၁၄၀၀၀၀ ကျော်ရှိပါသည်။ ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ဝက်ကျတိုက်နယ်ဆေးရုံနှင့် ချင်ပြစ်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံသုံးရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါ တယ်။ ပုလဲမြို့နယ်ဆေးရုံတွင် ခုတင်အသုံးချမှုရာခိုင်နှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၁၄၈ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ် တွင် ၁၁၂ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၁၂၀ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၂၄ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၁၁၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ တစ်နေ့ပျမ်းမျှ အတွင်းလူနာအနေဖြင့် အနည်းဆုံး ၂၈ ဦးခန့်နှင့် အများဆုံး ၃၇ ဦးခန့်ရှိကြောင်း တွေ့ရှိရပါတယ်။ ပြင်ပလူနာများလာရောက် ကုသခြင်းအနေဖြင့် အနည်းဆုံးနှစ်တွင် တစ်နေ့နှစ်ဦးနှင့် အများဆုံးနှစ်တွင် ၁၄ ဦးခန့်သာရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်တွင် ရှိရမည့်ဝန်ထမ်း ၅၇ ဦးအနက် ဆရာဝန်လေးဦး၊ သူနာပြု ၁၃ ဦး၊ အခြားဝန်ထမ်း ၁၄ ဦး စုစုပေါင်းဝန်ထမ်း ၃၁ ဦးဖြင့် ဆေးရုံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ တယ်။ ဆေးရုံခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းများပြားသော်လည်း ဝန်ထမ်းအင်အား ထပ်မံတိုးချဲ့ ထားရန်လိုအပ်လျက်ရှိနေဆဲ ဖြစ်ပါသည်။

ယခုလောလောဆယ် ကျွန်တော်တို့ဆေးရုံခုတင်တိုးဖို့ Criteria(သတ်မှတ်ချက်)များကိုမပြည့် သော်လည်း ဤဆေးရုံ၏ဆေးဝန်ဆောင်မှုအညွှန်းကိန်းများသည် တဖြည်းဖြည်းတက်လာသည်ကို တွေ့ရှိရပါသည်။ ၁၀၀ ကျော်လာပါပြီ။ ခုတင် ၅၀ အဆင့်တိုးရန် သတ်မှတ်ထားသော Criteria နှင့် မပြည့်သော်ငြားလည်း ဤဆေးရုံ၏အညွှန်းကိန်းများ မှန်မှန်တက်လာသည်ကို ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မျက်ခြေမပြက်သုံးသပ်ကြည့်ရှုလျက်ရှိပါသည်။ လိုအပ်သည့် အခါတွင် အမြန်ဆုံးခုတင်တိုးပေးပါမည်။ ဆိုလိုသည်မှာလာမည့် ခြောက်လအတွင်း လူနာတက်နှုန်း၊ ခုတင်အသုံးပြုနှုန်းများလာက ချက်ချင်းစီစဉ်ပါမည်။ အခုယိုယွင်းပျက်စီးလျက်ရှိသောဆေးရုံဝန်ထမ်း အိမ်ရာများကိုတွေ့ရှိချိန်မှာ ကျွန်တော့်အနေနဲ့တော့ စိတ်မကောင်းပါဘူးခင်ဗျား။ ဒီကိစ္စကို ကျွန်တော် တို့ အမြန်ဆုံးသိရန် ဗဟိုမှအဖွဲ့တစ်ဖွဲ့ချက်ချင်းပြန်လွှတ်ပြီးတော့ ဒီဆေးရုံပြင်ဆင်မည့်ကိစ္စကတော့ ဘတ်ဂျက်လည်းရှိပါပြီ။ ကျွန်တော်တို့ ဒါကိုအမြန်ဆုံးဆောင်ရွက်ပေးပါမည်။ မြေဧကလည်းရှိသည့် အတွက်လိုအပ်လျှင်လိုအပ်သည့်အချိန်မှာ ချက်ချင်းလုပ်မည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ လေးစား စွာတင်ပြအပ်ပါသည်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဘူးသီးတောင်၊ မောင်တောဒေသများအား လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအရ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မည့်ဒေသအဖြစ် သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ဘူးသီးတောင်၊ မောင်တောဒေသအား လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအရ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မည့်ဒေသအဖြစ် သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်အကြောင်းနှင့် မရှိပါက အဘယ်ကြောင့်မရှိရခြင်းအကြောင်းကို ရှင်းလင်းဖြေကြားပေးပါရန် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းကို ကျွန်တော်မေးမြန်းရခြင်းအကြောင်းက ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောဒေသဟာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး လူဦးရေအလွန်တရာမှ ထူထပ်သိပ်သည်းများပြားခြင်း၊ လူဦးရေတိုးပွားနှုန်းမြင့်တက်ခြင်း၊ ကလေးမွေးဖွားနှုန်းမြင့်မားခြင်း၊ မိခင်နှင့်ကလေးသေဆုံးမှုမြင့်မားခြင်း၊ ပြောင်းရွှေ့နေထိုင်မှုနှုန်းမြင့်မားခြင်း၊ သယံဇာတအရင်းအမြစ်များ အချိုးညီမျှမှုမရှိခြင်း၊ လူမှုစီးပွားအညွှန်းကိန်းများနိမ့်ကျခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းတို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများ ကူညီဆောင်ရွက်ပေးလျက်ရှိနေသည်မှာ နှစ်ပေါင်း ၂၀ ကျော်နေပြီဖြစ်သော်လည်း မည်သို့မျှအရာမထင်ဖြစ်နေပါတယ်။ မောင်တောမြို့နယ်မှာ လူဦးရေ ၅၂၀၀၀၀ ကျော်ရှိသည့်အထဲမှ တိုင်းရင်းသားလူဦးရေ ၄၉၀၀၀ သာရှိပြီး ဘူးသီးတောင်မြို့နယ်မှာ လူဦးရေ ၃၄၀၀၀၀ ကျော်ရှိသည့်အထဲမှ တိုင်းရင်းသားလူဦးရေ ၅၅၀၀၀ ကျော်သာရှိပါတယ်။ ကျန်းမာရေးဌာနရဲ့ခန့်မှန်းခြေစာရင်းအရ နှစ်စဉ်တိုင်းရင်းသားလူဦးရေတိုးပွားနှုန်းမှာ ၀.၆ ရာခိုင်နှုန်း သာရှိပြီး ဘင်္ဂါလီများမှာ ၃.၅ ရာခိုင်နှုန်းတိုးပွားလျက်ရှိနေပါတယ်။ လစဉ်မွေးဖွားနှုန်းမှာ၊ တိုင်းရင်းသားခြောက်ဦးမှာ ဘင်္ဂါလီ ၈၅ ဦးမွေးဖွားလျက်ရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းစစ်ဆေးရေးအစီရင်ခံစာ အခန်း(၁၂)၊ ပုဒ်မ ၂၇၊ ၂၈ တို့မှာ မိသားစု

သားဆက်ခြားစီမံကိန်းပြုလုပ်သင့်ကြောင်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် လူဦးရေထိန်းညှိရန် လိုအပ်ကြောင်း အကြံပြုရေးသားထားတာကို တွေ့ရပါတယ်။ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို ကလေးများများရယူခြင်းဟာ ကျန်းမာခြင်း၊ ပညာရေးနှင့် လူမှုရေးများမှာ မလိုလားအပ်သောအကျိုးသက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပါတယ်။

သို့ဖြစ်ပါ၍ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ အခန်း(၂)ပါ ရည်ရွယ်ချက်များဖြစ်တဲ့ (၁) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချပြီး လူနေမှုဘဝမြင့်မားလာစေရေးအတွက် အထောက်အကူပြုစေရန်၊ (၂) အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုများကို လုံလောက်စွာရရှိစေရန်၊ (၃) မိခင်နှင့်ကလေးများရဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေတိုးပွားနှုန်းကို ထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့်ဒေသအဖြစ် သတ်မှတ်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ဘူးသီးတောင်-မောင်တောမြို့များတွင် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုဥပဒေအရ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မည့်ဒေသအဖြစ်သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ကျွန်တော်ဖြေကြားသွားမည်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၈)ဖြင့် ပြဋ္ဌာန်းခဲ့သော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတွင် ကျန်းမာရေးစောင့်ရှောက်မှုကိုဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်းကိုအခန်း(၃)တွင်ဖော်ပြထားပါတယ်။ ဤဥပဒေပြုလုပ်သည့်ကော်မရှင်တိုင်း ကျွန်တော့်အနေနဲ့ ပြည်သူ့ကျန်းမာရေးပညာရှင်တစ်ယောက်အနေနဲ့ ကျွန်တော်ပါဝင်ခဲ့ပါတယ်။ အဆိုပါ ဥပဒေပုဒ်မ ၄ တွင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့တို့သည်

မိမိတို့ဒေသအတွင်း၌ လူဦးရေသိပ်သည်းမှု၊ လူဦးရေတိုးပွားနှုန်းမြင့်တက်ခြင်း၊ ကလေးတိုးပွားနှုန်းမြင့်တက်ခြင်း၊ မိခင်နှင့်ကလေး သေဆုံးမှုများပြားခြင်း၊ ပြောင်းရွှေ့နေထိုင်မှုနှုန်း မြင့်မားခြင်းနှင့် လူဦးရေနှင့် သယံဇာတ အချိုးမညီမမျှဖြစ်ခြင်း၊ လူမှုစီးပွားရေးအညွှန်းကိန်းများ နိမ့်ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာများ မပြည့်စုံ၊ မလုံလောက်ခြင်းတို့ ပေါ်ပေါက်ခြင်းရှိ/မရှိကို နောင်တွင် သို့မဟုတ် နောင်တွင်ပေါ်ပေါက်လာခြင်းရှိ/မရှိကို ကျွမ်းကျင်သူများမှ စိစစ် စစ်တမ်းကောက်ယူနိုင်ပါသည်ဟု ဖော်ပြထားပါသည်။ ပုဒ်မ ၅ တွင်အထက်ပါအချက်များ ပေါ်ပေါက်ပါကြောင်းနှင့် နောင်တွင်ယင်းသို့ ပေါ်ပေါက်နိုင်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သို့မဟုတ် အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည် ဖြစ်ပါသည်။ ၎င်းတင်ပြချက်များကို နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌လည်းကောင်း ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့်ဒေသအဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်နိုင်ပါသည်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ မထုတ်နိုင်ပါ။ ပုဒ်မ ၇ နှင့်ပုဒ်မ ၆ အရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသအဖြစ် သတ်မှတ်လျှင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယင်းဒေသအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဥပဒေအရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဒေသသတ်မှတ်ခြင်းကို ဆောင်ရွက်ရန် ကျွန်တော်တို့မလုပ်နိုင်ပါ။ သို့သော် ရခိုင်ပြည်နယ်အတွင်း မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ မွေးဖွားစဉ်စောင့်ရှောက်ခြင်း၊ မွေးဖွားပြီးစောင့်ရှောက်ခြင်းတို့ကို အခြေခံကျန်းမာရေးဝန်ထမ်းများက ကျေးလက်ဒေသအထိဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သားဆက်ခြားခြင်းကို အမျိုးသမီး၏ ရွေးချယ်မှုနှင့် ဆုံးဖြတ်မှုအပေါ်တွင်မူတည်၍ စောင့်ရှောက်မှုပေးလျက်ရှိပါသည်။

ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထု၏အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်စွာရရှိနိုင်ရန် ရခိုင်ပြည်နယ်ဒေသနှင့်လူဦးရေအရ လိုအပ်ချက်အပေါ်မူတည်၍၊ Health Indicator အပေါ်မူတည်၍ ဆေးရုံသစ်များဆောက်လုပ်ခြင်း၊ ဆေးရုံအဆင့်တိုးမြှင့်ခြင်းနှင့်ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းအပြင် ရောဂါရှာဖွေမှုနှင့်

**မူကြမ်း**

ကုသရေးဆိုင်ရာ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများဖြည့်ဆည်းခြင်း၊ ဆေးကုသရေးနှင့်ပတ်သက်သည့် ကုသမှုလမ်းညွှန်မှုများချမှတ်ပေးခြင်း၊ ဆေးပညာစဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားမှုအတွက် Continuous Medical Education နှင့် Nursing Education တို့အပြင် သင်တန်းများဆောင်ရွက်ပေးခြင်းတို့ကို အထူးကိစ္စရပ်အနေနဲ့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၏ ဦးစီးမှူး၊ ကုသဦးစီးမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများလည်း ဝန်ကြီးနှင့်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ ဆွေးနွေးပွဲတွင်လည်းကောင်း အထူးကိစ္စအနေဖြင့် အခြားပြည်နယ်/တိုင်းဒေသကြီးများထက် ပိုမို၍ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရခိုင်ပြည်နယ်၊ မောင်တောမြို့တွင် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံလေးရုံဖွင့်ထားပြီး ဆရာဝန်ခြောက်ဦးနှင့် သူနာပြုများ လုံလောက်အောင် ခန့်ထားပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်တွင် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံရှိပြီး ဆရာဝန်ငါးဦးနှင့် သူနာပြုများကိုလည်း လုံလောက်စွာ ခန့်ထားပါသည်။ အဆိုပါဆေးရုံများအတွက် ဆေးရုံအဆင့်နှင့်လျော်ညီစွာ ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံးစက်ပစ္စည်းများပါ ဖြည့်ဆည်းပေးထားပါသည်။ ဆေးကုသမှုအထောက်အကူအဖြစ် Therapeutic Manual(Internal Medicine) 1st Edition Heat Stoke စသော ရောဂါများအတွက် Standard Operating Procedure များကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါသည်။ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့ရှိ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံများတွင် ထပ်မံလိုအပ်သော အထူးကုဆရာဝန်များလည်း ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဒေသများမှ ၂၀၁၆ ခုနှစ်မှစ၍ UNFPA အထောက်အပံ့ဖြင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ စီမံချက်ဆောင်ရွက်လျက်ရှိပြီး သားဆက်ခြားလုပ်ငန်း၊ မိသားစုကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့် ကလေးကျန်းမာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေပြီး မိခင်သေဆုံးမှုနှင့်ကလေးသေဆုံးမှုများ ကျဆင်းရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်များမှ အထူးဂရုပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးသည့် အမိကမေးခွန်းမှာ ဤနေရာကို လူဦးရေလျှော့ချမှုကိစ္စရပ်များမှာ ကျွန်တော်တို့အနေနဲ့ဆောင်ရွက်ရန်မှာ ပြည်နယ်အစိုးရမှ စစ်တမ်းကောက်ပြီးစစ်၍ လိုအပ်မည်ဆိုပါက ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနေဖြင့် အထူးကိစ္စတစ်ရပ်အနေနဲ့

သွားရောက်ပြီးတော့ဆောင်ရွက်ပါမည်။ သို့သော်လည်း ဤကိစ္စမှာ ကျွန်တော်တို့ ဆေးပညာကျင့်ဝတ် အရ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ၎င်းတို့အနေဖြင့် သားဆက်ခြားလုပ်ချင်သည်။ ကိုယ်ဝန် မရှိအောင်လုပ်ချင်သည်ဟု ပြောမှသာလျှင် ကျွန်တော်တို့က လုပ်ဆောင်၍ရကြောင်းကိုလည်း တင်ပြ ရင်း နိဂုံးချုပ်အပ်ပါသည်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက် ၁၆ ခုတင်ဆံ့ ဒေသန္တရဆေးရုံအား ဆက်လက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်မှာရှိတဲ့ ခုတင် ၁၆ လုံးဆံ့ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့တဲ့ ဒေသန္တရဆေးရုံနဲ့စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီဆေးရုံကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလမှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးရုံတည်နေရာကတော့ ရွှေမင်းဝံရပ်ကွက်၊ (၂၁) လမ်း၊ (၂၅)၊ (၂၆) လမ်းကြားမှာတည်ရှိပြီး တောင်မြောက်အရှည် ၁၂၀ ပေ၊ အရှေ့အနောက်အရှည် ၂၈၀ ပေရှိတဲ့ ဆေးရုံဝင်း မြေဧရိယာအတွင်းတည်ရှိပြီး ခုတင် ၁၆ လုံး၊ ဆေးရုံဆေးခန်း အဆောက်အဦ တစ်လုံး၊ ဆရာဝန်နေရန် အဆောက်အဦတစ်လုံး၊ တာဝန်ကျသူနာပြုဆရာဆရာမများနေရန် နှစ်ခန်းတွဲတိုက်နှစ်လုံး စုစုပေါင်းအဆောက်အဦ ငါးလုံးရှိတဲ့ ဆေးရုံဖြစ်ပါတယ်။ ရေမီးအပြည့်အစုံနဲ့ ဆရာဝန်၊ ဆရာမများဖြင့် ကုသပေးနိုင်ခဲ့သော်လည်းပဲ ၁၉၉၆ ခုနှစ်ကစပြီး ယနေ့အချိန်အထိ ငွေကြေးအခက်အခဲကြောင့် ဆက်လက်ဖွင့်လှစ်ကုသနိုင်ခြင်းမရှိတော့ပါဘူး။ ထို့ကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန် အစည်းအဝေးမှာ ဆေးရုံအကျိုးပြုရပ်ကွက်များ၊ ကျေးရွာများနှင့် ဆေးရုံရဲ့မြေနေရာအကျယ်အဝန်း ဆေးရုံအဆောက်အဦများပါ အရန်သင့်၊ အဆင်သင့်ရှိပြီဖြစ်တဲ့ ၁၆ ခုတင်ဆံ့ဆေးရုံအား နိုင်ငံတော်စီမံ ချက်ဖြင့် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခဲ့ရာ သက်ဆိုင်ရာပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် တကယ်လို့ ဒေသန္တရကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ခွင့်ရမယ်ဆိုရင်တော့

ဆရာဝန် တစ်ဦး၊ သူနာပြုသုံးဦး၊ သားဖွားဆရာမငါးဦး၊ ကြီးကြပ်(၂)ငါးဦးနှင့် အခြားဝန်ထမ်း ခြောက်ဦး စုစုပေါင်းဝန်ထမ်း ၂၀ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါ တယ်။ ဒါပေမဲ့ ပြီးပြတ်အောင်ဆက်လက် ဆောင်ရွက်သွားနိုင်ခြင်း မရှိတော့တဲ့အတွက် ပြည်သူ့လွှတ်တော်သို့ပေးထားသည့်ကတိကဝတ်ကို ပယ်ဖျက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းမြို့ ရွှေမင်းဝံ ရပ်ကွက်ရှိ ဆေးရုံမြေဧရိယာ အကျယ် အဝန်းနှင့်တကွ အဆောက်အဦများပါ အရန်သင့်၊ အဆင်သင့် ဆောက်လုပ်ပြီးသား ၁၆ ခုတင်ဆံ့ ဒေသန္တရဆေးရုံအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆက်လက်ဖွင့်လှစ် ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်းနှင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ ဖွင့်လှစ်ပေးသွားမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခင်အစိုးရဝန်ကြီးဌာနမှ ကတိကဝတ်ပယ်ဖျက်ထားသော စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် ၁၆ ခုတင် ဆံ့ဒေသန္တရဆေးရုံအား ဆက်လက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ကျွန်တော့် အနေနဲ့ အနည်းငယ်ရှင်းပြလိုပါတယ်။ ဒီနေရာမှာ မေးခွန်းအနေနဲ့ အနည်းငယ်ရှုပ်သွားတာက ကျွန်တော်တို့ ၁၆ ခုတင်ဆိုရင် ဒေသန္တရလို့မခေါ်ပါဘူး။ ၁၆ ခုတင်ဆံ့ဆေးရုံပါ။ ဒေသန္တရဆိုလို့ရှိရင် ဒါ Urban Health Center ဖြစ်သွားပါတယ်။ အဲဒါ နည်းနည်းလေး ရှုပ်ထွေးမှု (Confusion) ရှိပါတယ်။ သို့သော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံရပ်ကွက်တွင် ဒေသန္တရကျန်းမာရေးဌာနတစ်ခု Urban Health Center တစ်ခုကို ဆရာဝန်နှစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ သူနာပြုလေးဦး၊ ကျန်းမာရေးမှူး (၃) (ကြီးကြပ်-၁) တစ်ဦး၊ သူနာပြု(၄) ငါးဦး၊ ကျန်းမာရေးမှူး(၄)(ကြီးကြပ်-၂)ငါးဦးနှင့် အခြားဝန်ထမ်း ၁၀ ဦး စုစုပေါင်းဝန်ထမ်း ၂၈ ဦးပါဝင်သော ဖွဲ့စည်းပုံဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၃၁-၃-၂၀၁၆ ရက်စွဲပါစာအမှတ်အရ စတင်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပြီး ဖြစ်ပါပြီ။ မကြာခင် ဒေသန္တရဆေးပေးခန်း Arban Health Centre ကိုလူဖြည့်ပြီး ကျွန်တော်တို့

စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးသည့်အတိုင်း ဒီရွှေမင်းဝံ ရပ်ကွက်တွင် ၁၆ ခုတင်ဆံ့ဆေးရုံကတော့ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသည် ဒေသန္တရဆေးခန်း အခုအခါနှင့်ခြောက်မိုင်ခန့်သာဝေးသည့် အတွက် လမ်းပန်းဆက်သွယ်ရေးလည်း အလွန်ကောင်းသည့်အတွက် ခုတင် ၂၀၀ ဆံ့ဆေးရုံအနီးမှာ ၁၆ ခုတင်ဆံ့ဆေးရုံထားခြင်းဖြင့် မည်သူမျှ အဲဒီ ၁၆ ခုတင်ဆံ့ဆေးရုံကို သွားမည်မထင်ပါ။ ခုတင် ၂၀၀ ဆံ့ဆေးရုံမှာလည်း အထူးကုဆရာဝန်များ ရှိတဲ့အတွက် ခုတင် ၂၀၀ ဆံ့ဆေးရုံကိုသာသွားမည်ဖြစ်တဲ့ အတွက် ဒီနေရာမှာ ဒေသန္တရဆေးပေးခန်း ဖွင့်ခြင်းသာလျှင် ပြည်သူများကို အလွန်အကျိုးရှိမှာဖြစ်တဲ့ အတွက် ကျွန်တော်တို့အနေနဲ့ လူဖြည့်ပေးဖို့သာ ကျန်ပါတော့သည်။ အကုန်လည်း ခွင့်ပြုမိန့်လည်း ရထားပြီဖြစ်တဲ့အတွက် အမြန်ဆုံးလူအင်အား ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း ပြောကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကလေးမြို့နယ်၏ အနောက်မြောက်ဒေသရှိ သင့်လျော်သောကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင် ကျွန်မတို့မြို့နယ်ရဲ့ ပထဝီအနေအထားကတော့ တောင်ကြားလွင်ပြင်ဒေသဖြစ်ပြီး တောင်မြောက် ၇၄ မိုင်၊ အရှေ့အနောက် ၁၂ မိုင်နှင့် ၉၀၂.၆၁၆ စတုရန်းမိုင်ရှိပြီး ချင်းပြည်နယ်တောင်တန်းများရဲ့အခြေမှာ ယှဉ်တွဲထိစပ်လျက် တည်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ကလေးမြို့နယ်ဟာ အခြားမြို့နယ်နှင့်မတူတဲ့ လက္ခဏာများရှိပါတယ်။ မြို့နယ်လူဦးရေပေါင်း ၃၄၈၀၀၀ ကျော်အနက် ထက်ဝက်ကျော်ခန့်ဟာ ချင်းတိုင်းရင်းသားများဖြစ်ကြပြီး ချင်းနှင့်ဗမာတိုင်းရင်းသားများ ထက်ဝက်စီ နေထိုင်သောမြို့လည်းဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ရဲ့ အခြေခံလိုအပ်ချက်များကို အဓိကဖြည့်ဆည်းပေးနေရတဲ့ မြို့ကြီးဖြစ်ရုံသာမက

ချင်းပြည်နယ်တောင်ခြေရှိ ရွာများရဲ့ အရေးကိစ္စအားလုံးကို မိမိအရေးကဲ့သို့ ဆောင်ရွက်ပေးနေရသော မြို့လည်းဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြို့နယ်ရဲ့ အခြေခံလိုအပ်ချက်များကို နိုင်ငံတော်က တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနေတယ်ဆိုတာ အကြွင်းမဲ့ယုံကြည်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍမှာ ဆိုလို့ရှိရင် တိုက်နယ်ဆေးရုံသုံးရုံရှိပြီး တောင်ပိုင်းမှာနှစ်ရုံ၊ မြောက်ပိုင်းအစွန်မှာ တစ်ရုံရှိနေတာဖြစ်ပါတယ်။ ကျွန်မတို့မြို့နယ်ရဲ့ ပထဝီအနေအထား လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် တိုင်းရင်းသားများစုပေါင်းနေထိုင်မှုအခြေအနေများကို သေချာလေ့လာခြင်းမရှိပါက တိုက်နယ်ဆေးရုံများ တည်ရှိနေမှုအနေအထားဟာ လျော်ကန်သင့်မြတ်ပါတယ်လို့ ယူဆနိုင်ပါတယ်။ ကလေးမြို့ အခြေအနေကိုကြည့်မယ်ဆိုလို့ရှိရင် အနောက်မြောက်ဒေသလို့ခေါ်တဲ့ လက်ပံချောင်း ကျေးရွာ ပတ်ဝန်းကျင်မှာရှိတဲ့ ရွာပေါင်း ၄၁ ရွာ၊ လူဦးရေ ၆၂၅၃၅ ဦးနဲ့ ချင်းပြည်နယ်ကနေ လက်လှမ်း မမီနိုင်တဲ့ရွာ ၁၁ ရွာက လူဦးရေ ၄၂၅၀ ဦးစုစုပေါင်း ၆၆၀၀၀ ကျော်ဦးဟာ မြို့နယ်ကျေးလက်နေ လူဦးရေ ၂၁၈၆၀၇ ဦးရဲ့ ၃၀.၆၂ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဆိုပါပြည်သူများဟာ မြောက်ပိုင်း အစွန်ရှိ ရာဇဂြိုလ်ဆေးရုံသို့ မည်သို့မျှသွားရောက်နိုင်ခြင်းမရှိပါ။ ဘာကြောင့်လဲဆိုတော့ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း၊ မြို့နယ်အဆင့်မြင့်ဆေးရုံကြီးနှင့်ဝေးကွာနေခြင်း၊ လိုအပ်သော ဆေးဝါးများ ဝယ်ယူဖို့အတွက် မြို့ကို တစ်ပတ်ပြန်ပတ်နေရခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ဒီနှစ်အတွင်း လက်ပံချောင်းကျေးရွာမှာ ကျန်းမာရေး ဌာနခွဲကနေ ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့ လူဦးရေ ၆၈၀၀၀ ခန့်ရှိတဲ့ ကလေး မြို့နယ်ရဲ့ အနောက်မြောက်ဒေသမှာ ဆရာဝန်တစ်ဦးမျှမရှိဘဲ ထူးခြားမှုမရှိတဲ့ အဆင့်တိုးမြှင့်ပေးခဲ့မှု ကြောင့် ဒေသခံတိုင်းရင်းသားများ စိတ်အားငယ်ကြရပါတယ်။ ရေကြီးရေလျှံမှုကြောင့် တံတားကြီးများ အားလုံးပျက်စီးသွားပြီး ဒါဟာ နှစ်တိုင်းလိုလိုပျက်စီးပါတယ်။ ဒေသအတွင်းပိတ်မိနေတဲ့အခြေအနေ များလည်းဖြစ်နေပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျွန်မတို့မြို့နယ်ရဲ့ ပထဝီအနေအထားအရလည်းကောင်း၊ ကျန်းမာရေးဌာနစံနှုန်းများ အရလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအရလည်းကောင်း တည်ဆောက်ပေးရန် လျော်ကန်သင့်မြတ်သော တိုက်နယ် ဆေးရုံတစ်ရုံကို ကလေးမြို့နယ်ရဲ့ အနောက်မြောက်ဒေသ သင့်တော်တဲ့ လက်ပံချောင်းကျေးရွာမှာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ တည်ဆောက်ပေးမည်ဆိုပါက မည်သို့သောအချိန်တွင် တည်ဆောက်ပေးမည်ကို ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုက်နယ်ဆေးရုံတစ်ရုံကို ကလေးမြို့နယ်၏အနောက်မြောက်ဒေသတွင် သင့်လျော်သော လက်ပံ ချောင်းကျေးရွာတွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးမြို့တွင် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ နတ်ချောင်းတိုက်နယ်ဆေးရုံ၊ တင်သားတိုက်နယ်ဆေးရုံ၊ ရာဇဂြိုလ်တိုက်နယ်ဆေးရုံ တိုက်နယ်ဆေးရုံသုံးရုံနှင့် စုစုပေါင်းဆေးရုံလေးရုံဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ လက်ပံချောင်းကျေးရွာနယ်မြေတွင် အိမ်ခြေ ၃၂၃၈ အိမ်၊ လူဦးရေ ၂၀၅၉၂ ဦး နေထိုင်လျက်ရှိပါသည်။ ကလေးမြို့ဆေးရုံကြီးမှ ၁၆.၅ မိုင်၊ ရာဇဂြိုလ်တိုက်နယ်ဆေးရုံမှ ၁၆ မိုင် ခန့်ကွာဝေးပြီး ရာဇဂြိုလ်တိုက်နယ်ဆေးရုံနှင့် ကလေးမြို့တိုက်နယ်ဆေးရုံအကြားတွင် တည်ရှိပါသည်။ ရာဇဂြိုလ်တိုက်နယ်ဆေးရုံသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခွင့်ရရှိပြီးဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ် မတ်လမှစ၍ အတွင်းလူနာများစတင်ကုသပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အတွင်းလူနာပေါင်း ၂၆၅ ဦးကိုကုသပေးနိုင်ခဲ့ပါတယ်။ ယခုမေးသော လက်ပံချောင်းကျေးရွာအနေနှင့် အနီးတဝိုက် ကျေးရွာများတွင် နေထိုင်သောဒေသခံများသည် မြောက်ဘက်တွင် ကျွန်တော်တို့ ဖွင့်ထားခဲ့သော ရာဇဂြိုလ်တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ တောင်ဘက်ရှိ ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ သွားရောက် ကုသနေကြကြောင်း တွေ့ရှိရပါသည်။ ဒီအညွှန်းကိန်းများကိုကြည့်ပါက လောလောဆယ်တိုက်နယ်ဆေးရုံဖွင့်လှစ်ရန်အစီအစဉ်တော့ မရှိသေးကြောင်း ပြောကြားလိုပါသည်။ သို့သော်လည်း ဒီကိစ္စမှာ တိုက်နယ်ဆေးရုံအသစ်ဖွင့်လှစ်ဖို့ တင်ပြခြင်းကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီတိုက်နယ်ဆေးရုံအနီးနားမှာရှိတဲ့ အခြားတိုက်နယ်ဆေးရုံမှာ Rural Health Center များ မြို့နယ်ဆေးရုံများ၌ လူနာများ ပြင်ပအတွင်းလူနာများတက်ရောက်မှုအခြေအနေ တောင်းဆိုသည့် တိုက်နယ်ဆေးရုံမှာ မြေပြင်အနေအထား (Geographical Drain) နောက် လမ်းပန်းဆက်သွယ်ရေးအခြေအနေ လူနာများဖျားနာမှုရောဂါမည်မျှရှိသည် စစ်တမ်းကောက်ယူမှု စာရင်းဇယားအခြေအနေ လူဦးရေသိပ်သည်းမှု Internal Migration များ မည်မျှရှိခြင်း၊ ဆေးရုံဆောက်ရန် နေရာရှိ/မရှိ၊ ငွေရှိ/မရှိ၊ လူဦးရေ၊ ဆရာဝန်နှင့် သူနာပြုများလုံလောက်မှုရှိ/မရှိတို့ကို စစ်ဆေးပြီးမှသာလျှင်

ကျွန်တော်တို့စဉ်းစားပါတယ်။ ဒီလိုစဉ်းစားတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စကိုလည်း ကျွန်တော်တို့က ထည့်ပြီးစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါတွေက Subjective Criterion ဖြစ်သော်လည်း အလွန်အရေးကြီးတဲ့ကိစ္စရပ်များဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မြေပြင်အခြေအနေကိုသိရှိဖို့အတွက် ကျွန်တော်တို့ ဗဟိုမှ အဖွဲ့တစ်ဖွဲ့ကို တိုင်းဒေသကြီးဦးစီးမှူးနဲ့တွဲပြီး အမြန်ဆုံးသွားရောက်ပြီး ကြည့်ရှုပါမည်။ လိုအပ်မည်ဆိုပါက ဒီဟာကို ဖွင့်ဖို့အတွက် ဝန်မလေးပါ။ ကျွန်တော်တို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဇဝရတ်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မြင့်မားထည်ဝါစေခဲ့သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဂုဏ်ပြု ချီးမြှောက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က ဇဝရတ်တောင်ကို အောင်နိုင်ခဲ့တဲ့ ကျွန်တော်တို့မြန်မာနိုင်ငံသားနှစ်ဦးနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်။ အမှန်ကတော့ ကျွန်တော် ဒီမေးခွန်းကို မေးခဲ့တာဟာ မေလ ၂၆ ရက်နေ့ ကတည်းကပါ။ အခုဆိုရင် လေးလလောက်ဖြစ်သွားပါတယ်။ ဒီကြားထဲမှာ ကျွန်တော် မေးတဲ့မေးခွန်း ဖြေရာရောက်တဲ့ ဒီနှစ်ယောက်ကို နိုင်ငံတော်သမ္မတကြီးက ဂုဏ်ပြုညစာစားပွဲတွေ၊ ဘာတွေ လုပ်ခဲ့တဲ့ ဟာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိအောင်လည်း လွှတ်တော်ရဲ့ မှတ်တမ်းမှတ်ရာများအတွက် မေးခွန်းကို ဆက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ ဇဝရတ်တောင်ဟာ ပင်လယ်ရေမျက်နှာပြင်အထက်ကနေ ခြောက်မိုင်နီးပါးမြင့်ပါတယ်။ တောင်ထိပ်နားတစ်ဝိုက်မှာဆိုရင် လေပြင်းတွေဟာ အမြဲလိုလို မိုင် ၁၀၀ နှုန်းနဲ့တိုက်ခတ်နေတဲ့နေရာ ဖြစ်ပါတယ်။ အချို့အချိန်မှာဆိုရင် မိုင် ၂၀၀ လောက်တိုက်ပါတယ်။ ကျွန်တော်တို့ နာဂစ်တုန်းကတိုက်ခဲ့တဲ့ မိုင် ၁၄၀ လောက်နဲ့ နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ အသက်အန္တရာယ်လည်း အင်မတန်များတဲ့ကိစ္စတွေ ဖြစ်ပျက်တတ်ပါတယ်။ ဒါပေမဲ့လည်း မဟာလူစွန့်စားတွေအတွက်တော့ တကယ့်ကို ဧရာမစိန်ခေါ်မှုကြီး

ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေလည်း ခဏခဏကြိုးစားခဲ့ကြပါတယ်။ အဲဒီတောင်အောင်နိုင်ဖို့။ အဲဒီတော့ ဒီနှစ်မေလ ၁၉ ရက်နေ့မှာတော့ နံနက် ၇ နာရီ ၇ မိနစ်မှာ ကျွန်တော်တို့နိုင်ငံက ကိုဝင်းကိုကိုနဲ့ ကိုပြည့်ဖြိုးသူတို့ပေါ့။ အဲဒီနှစ်ယောက်က အောင်နိုင်ခဲ့ပါတယ်။ အဲဒီတော့ ဒါက ဘာနဲ့တိုက်ဆိုင်နေသလဲဆိုတော့ ကျွန်တော်တို့ နှစ် ၅၀ အတွင်းမှာ ပထမဆုံးပြည်သူလူထုရဲ့ ဆန္ဒကိုကိုယ်စားပြုနိုင်ဆုံးလို့ခေါ်နိုင်တဲ့ ဒီမိုကရက်တစ် အစိုးရတစ်ခုပေါ်ထွန်းလာတာနဲ့ တိုက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမိုကရက်တစ်အစိုးရအတွက် ဒါဟာ အတိတ်ကောင်း၊ နိမိတ်ကောင်းတစ်ခုလို ဆိုနိုင်ပါတယ်။ အဲဒီတော့ ဒီနေရာကိုအောင်နိုင်ဖို့ဆိုတာ လူတွေထောင်နဲ့ချီပြီးတော့ သေဆုံးခဲ့တာတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေလည်း အများကြီးသေဆုံးခဲ့တာတွေ၊ မသေဆုံးပေမယ့် မအောင်နိုင်ခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ ဒီလူငယ်လေးနှစ်ယောက်ကတော့ အောင်မြင်ခဲ့ပါတယ်။ အဲဒီတော့ သူတို့ရဲ့အောင်မြင်မှုကြောင့် ကျွန်တော်တို့နိုင်ငံက ဂုဏ်သိက္ခာ အများကြီးတက်လာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေကလည်း လူညံ့တွေမဟုတ်ဘူး။ ဇွဲသတ္တိရှိတယ်။ ကမ္ဘာ့အမြင့်ဆုံးတောင်ကို အောင်နိုင်ခဲ့တယ်ဆိုတဲ့ဂုဏ်သိက္ခာကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်က မြင့်မားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်မှာ မြင့်မားအောင်လုပ်ပေးခဲ့တဲ့၊ ကျွန်တော်တို့နိုင်ငံသားတွေရဲ့စိတ်ဓာတ်ကို တက်ကြွအောင်လုပ်ပေးခဲ့တဲ့၊ ကျွန်တော်တို့နိုင်ငံ ဒီမိုကရက်တစ်အစိုးရကို အတိတ်ကောင်း၊ နိမိတ်ကောင်းတွေယူဆောင်လာပေးခဲ့တဲ့ ဒီမြန်မာလူငယ်နှစ်ယောက်နဲ့ သူတို့ကို ပံ့ပိုးကူညီခဲ့တဲ့အဖွဲ့သားတွေကို ထိုက်ထိုက်တန်တန်ချီးကျူးဂုဏ်ပြုဖို့အတွက် အစီအစဉ်ရှိ/မရှိ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဤမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားပါမည်ခင်ဗျား။ အားကစားသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်၊ နိုင်ငံတော် အစိုးရအဆက်ဆက်အနေဖြင့် အားကစားနှင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးခဲ့သည့် အားကစားသမားများ ထူးချွန်အောင်မြင်စွာရယူပေးနိုင်မှုအပေါ် မူတည်၍ တိုက်တန်သည့်ဂုဏ်ပြု ချီးမြှောက်မှု

များ မပျက်မကွက်ပြုလုပ်ပေးလျက်ရှိပါတယ်။ ခေတ်အဆက်ဆက် အာရှနှင့် အရှေ့တောင် အာရှ အာကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ထူးဆောင် အားကစားသမားများနှင့် အားကစားသမားဟောင်းကြီးများအား ဖိတ်ကြားကာ ဂုဏ်ပြုပွဲများ ကျင်းပ ပြုလုပ်ပေးခဲ့သည့်အပြင် အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခုနှင့် အထက်ရရှိသော ထူးချွန်အားကစားသမားများ မောင်မယ်များ၏ ပုံတူကိုယ်တစ်ပိုင်းပုံရုပ်ထုများ ထုလုပ်ကာ နေပြည်တော်အားကစားပြတိုက်ရှိ မြန်မာ့အားကစားမော်ကွန်းခန်းမတွင် မြန်မာ့အားကစား သူရဲကောင်းများအဖြစ် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပြသမှုများ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်ပေါ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံမှ တောင်တက်အားကစားသမား ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့နှစ်ဦးနှင့် တောင်တက်အားကစား သမားများ၏ တောင်တက်ပစ္စည်းကိရိယာများ၊ အဝတ်အစားများ၊ ရွက်ဖျင်တဲများ၊ အစားအစာများ၊ ဆေးဝါးများ၊ အောက်ဆီဂျင်ဘူးများ၊ ငွေကြေးအစသဖြင့် အစစအရာရာကူညီထောက်ပံ့ပေးခဲ့သည့် ထူးဖောင်ဒေးရှင်း၊ တောင်တက်သမားများကို မွေးထုတ်ပေးသည့် Technical Climbing Club of Myanmar ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ကိုလည်း ဂုဏ်ပြုလွှာများ ပေးအပ်မည်ဖြစ်ပါတယ်။ ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့သည့် ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင် နှစ်ဦးတို့သည် မေလ ၂၅ ရက်နေ့ နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်တွင် စေတနာရှင်၊ ဝါသနာရှင်၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန် အားကစားနှင့် ကာယပညာသိပ္ပံမှ အားကစားသမားများ၊ အိုးစည် ဗုံမောင်း၊ ပန်းစည်းများ၊ ပန်းကုံးများဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားစွာ ကြိုဆိုခဲ့ကြပါတယ်။ ထို့အပြင် ၂၇-၅-၂၀၁၆ ရက်နေ့တွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ထူးဖောင်ဒေးရှင်းမှ တောင်တက်အားကစားသမားတစ်ဦးချင်းစီကို ကျပ်သိန်း ၁၀၀ စီ ပေးအပ် ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက် ၇ နာရီ ၇ မိနစ်တွင် ၈၈၄၈ မီတာရှိသော အမြင့်ဆုံး ဧဝရတ်တောင်ထိပ်သို့ အောင်မြင်စွာရောက်နိုင်ခဲ့ပြီး ဧဝရတ်တောင်ထိပ်၌ မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မြင့်မားထည်ဝါစေခဲ့သည့် ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့အား နိုင်ငံတော်အစိုးရကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေ

**မူကြမ်း**

ဖြင့် ၂၀-၇-၂၀၁၆ ရက်နေ့တွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) တွင် ငွေကျပ် ၁၀ သိန်းစီဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။ ထို့အပြင် အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခုနှင့်အထက်ရရှိသည့် ထူးချွန်အားကစားသမားမောင်မယ်များအား မြန်မာ့အားကစားသူရဲကောင်းများအဖြစ် ပုံတူတစ်ပိုင်းရုပ်တုများ ထုလုပ်သည့်နည်းတူ ၂၅-၈-၂၀၁၆ ရက်နေ့တွင် တောင်တက်အားကစားနှစ်ဦး၏ ပုံတူကိုယ်တစ်ပိုင်းရုပ်တုထုကာ နေပြည်တော်အားကစားပြတိုက်ရှိ မြန်မာ့အားကစားမော်ကွန်းခန်းမတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ထပ်မံဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။

နိုင်ငံ့ဂုဏ်ဆောင်တောင်တက်အားကစားသမားများနှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကဂျာနယ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ဝေသော အားကစားသတင်းလွှာနှင့် Sports Magazine များတွင်လည်း သတင်းဆောင်းပါးများ ဂုဏ်ပြုရေးသားဖော်ပြခဲ့ပြီးဖြစ်ပါကြောင်းနှင့် ယခုလို ရုပ်တုထုလုပ်ဂုဏ်ပြုချီးမြှင့်ခြင်းသည် မြန်မာ့အားကစားသူရဲကောင်းများအဖြစ် ကမ္ဘာတည်သရွေ့ မြန်မာ့သမိုင်းတွင် မှတ်တမ်းဝင်နေမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောကြားရှင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မြောက်ဦးမြို့မှ အဆောက်အဦဟောင်းတစ်ခုပမာ စွန့်ပစ်ထားသော ယခင်ပြည်သူ့ဆေးရုံဟောင်းနှင့်ပတ်သက်၍ညှိနိုင်းဖြေရှင်းရန်နှင့် ဆေးရုံဟောင်းတွင် ကျန်းမာရေးလုပ်ငန်းများ၊ ရုံးများဖွင့်နိုင်/မဖွင့်နိုင်တို့ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစော ပါ။ ကျွန်တော် မေးမယ့်မေးခွန်းက ရှေးဟောင်းယဉ်ကျေးမှုသုတေသနအောက်ကိုရောက်ရှိသွားတဲ့ မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးဟာ အဲဒီလို အဆောက်အဦဟောင်းတစ်ခုလို ဖြစ်ကတတ်ဆန်းစွန့်ပစ်ခံထားရတာ နှစ်ပေါင်း ၂၀ နီးပါးရှိခဲ့ပါပြီ။ အဲဒါကို ဝန်ကြီးဌာနတွေအနေနဲ့ ဘယ်လိုလုပ်ကိုင်မလဲ၊ ဘယ်လိုစီစဉ်ဆောင်ရွက်မလဲ ဆိုတာနဲ့ပတ်သက်တဲ့ မေးခွန်းပါ။ ကျွန်တော်နောက်ကြောင်းလေး နည်းနည်းပြောပါရစေ။ ကျွန်တော်တို့မြောက်ဦးဟာ ရှေးဟောင်းသုတေသနနယ်မြေဖြစ်ပါတယ်။ ရှေးရခိုင်ပဒေသရာဇ်မင်းတွေ နောက်ဆုံး ၁၈ ရာစုထိ နေခဲ့တဲ့မြို့ပါ။ အဲဒီတော့ ဒီမှာ သာသနာ့အဆောက်အဦတွေ၊ ဂန္ဓဝင်ပိဋကတ်တိုက်တွေ

စသည်ဖြင့် တော်တော်များများအရေးကြီးတဲ့သမိုင်းတန်ဖိုးရှိတဲ့ပစ္စည်းတွေရှိပါတယ်။ နောက်အခိက ကတော့ မြို့လယ်က နန်းတော်ရာကုန်းပါပဲ။ အဲဒီနန်းတော်ရာကုန်းရဲ့ ဒုတိယထပ်မှာ လွတ်လပ်ရေးရပြီး ကတည်းက ဒီနေ့မဖျက်ခင်လောက်ထိ အစိုးရအဆောက်အဦတွေရှိပါတယ်။ တတိယထပ်မှာ လူနေ အိမ်ခြေတွေ၊ ရပ်ကွက်တွေအများကြီးရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ ၁၉၉၅ ခုနှစ်မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်ရဲ့အမိန့် အာဏာနဲ့နေပြီးတော့ ဖယ်ရှားရှင်းလင်းခဲ့ပါတယ်။ ရှင်းလင်းတဲ့ရည်ရွယ်ချက်ကတော့ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းကိုမြှင့်တင်ဖို့ မြောက်ဦးကို နိုင်ငံတကာအဆင့်မီ ရှေးဟောင်းသုတေသနမြို့ တစ်ခုဖြစ်ဖို့ဆိုပြီးလုပ်ခဲ့ ပါတယ်။ ဒါပေမဲ့ ထင်သလောက်ခရီးမပေါက်ခဲ့ပါဘူး။ အဲဒီရှေးဟောင်း သုတေသနနယ်မြေမှာပဲ အာဏာနှင့်နီးစပ်တဲ့သူတွေရဲ့ဟိုတယ်ကြီးတွေပဲ ပေါ်လာခဲ့ပါတယ်။ ပြည်သူ တွေမတိုးတက်ခဲ့ပါဘူး။ အခိကနစ်နာသွားတာကတော့ အထက်တန်းကျောင်းတစ်ကျောင်းရယ်၊ ပြည်သူ့ဆေးရုံရယ်၊ နောက်ပြီးတော့ အစိုးရရဲ့စုပေါင်းဝန်ထမ်းရုံးကြီးဟာ အဲဒီရှင်းလင်းတဲ့အထဲမှာ ပါသွားပါတယ်။ မြို့ပြင်ကို ရောက်သွားပါတယ်။ အခုလောလောဆယ်မှာတော့ အဲဒီအထက်တန်း ကျောင်းကို ပညာရေးဌာနက ယူပြီးတော့ ပညာရေးဌာနရဲ့ဂိုထောင်တစ်ခုလို သုံးထားပါတယ်။ အဲ့ဒီအဆောက်အဦသုံးခုရဲ့ တစ်ပြင်တည်းရှိတဲ့ စုပေါင်းရုံးကြီးကို ရှေးဟောင်းသုတေသနက ပြတိုက်အဖြစ်ဖွင့်လှစ်ထားပါတယ်။ အဲဒီတုန်းက အင်မတန်ခေတ်မီတဲ့ ဆေးရုံကြီးကတော့ ပယ်လှပ်ခံဖြစ်ကတတ်ဆန်း သာလာယံဇရပ်လို ဖြစ်နေပါတယ်။ အဲဒီမှာ ညအမှောင်ရိပ်ခိုတာတွေ၊ တကယ်လို့ ရာဇဝတ်နဲ့မကင်းတဲ့လုပ်ရပ်တွေလည်း ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလုပ်ရပ်ဟာ အရင်တုန်းက ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတယ်။ အခုတော့ ရှေးဟောင်းသုတေသန အောက်မှာရှိတယ်။ အဲဒီတော့ ဒီဟာကိုမြင်ရတဲ့အတွက် ကျွန်တော်တို့ အင်မတန်စိတ်ဆင်းရဲရပါတယ်။ ဘယ်လိုတိတိ ကျကျဖြေရှင်းမလဲဆိုတာကိုလည်း မသိပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တာကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ ရှေးဟောင်းသုတေသနဌာနရဲ့ အဲဒီလိုဖြစ်ကတတ်ဆန်း တာဝန်မဲ့လုပ်ထားတဲ့လုပ်ရပ်ကို ညှိနှိုင်းဖြေရှင်းပြီး အများပြည်သူ အကျိုးစီးပွားဖြစ်အောင် လုပ်ကိုင်ပေးနိုင်/မနိုင်ဆိုတာကို သိချင်ပါတယ်။ နောက် ဒီဆေးရုံဟောင်းဟာ ဆေးရုံအသစ်ကိုလည်းဖွင့်လှစ်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီဆေးရုံဟောင်းမှာ ပြည်သူလူထုလိုအပ် တဲ့ ဒေသန္တရကျန်းမာရေးဆေးပေးခန်းလိုဟာမျိုး၊ တခြားကျန်းမာရေးနှင့်ပတ်သက်တဲ့ လုပ်ငန်းဆောင်

တာတွေလုပ်ကိုင်နိုင်တဲ့ရုံးတွေများ ဖွင့်လှစ်ဖို့အစီအစဉ်များရှိ/မရှိဆိုတာကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြောက်ဦးယဉ်ကျေးမှုနယ်မြေအား ၅-၁၁-၂၀၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ် ၍ ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အထင်ကရနေရာဖြစ်သော နန်းတော်ရာကုန်း၏မြောက်ဘက်နှင့်တောင်ဘက်ရှိ အဆောက်အဦများ အားလုံးကို မြောက်ဦးမြို့၏အရှေ့မြောက်ဘက်ရှိ ထမ္မရာဇ်ရပ်ကွက်သို့ အစိုးရ၏အစီအစဉ်ဖြင့် ပြောင်းရွှေ့ခဲ့ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤမေးခွန်းတွင်ပါရှိသော ကျန်းမာရေးဝန်ကြီးဌာနက ရှေးဟောင်းသုတေသန၏တာဝန်မဲ့လုပ်ရပ်များကို ညှိနှိုင်းဖြေရှင်းဖို့ရနိုင်/ မရနိုင်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့အနေနဲ့ တာဝန်မဲ့လုပ်ရပ်ဟု မထင်သည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ကျန်းမာရေးအဆောက်အဦကို ၅-၁၁-၂၀၁၉ ရက်နေ့မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉) ကိုလေးစားပြီး မှီငြမ်း၍ ဖျက်သိမ်းမည့်ကိစ္စရပ်များကို ကျွန်တော်တို့စတင်ပြုလုပ်နေပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနှင့် နန်းတော်ရာမြင်ကွင်းကို ကွယ်နေသော ဆေးရုံဟောင်းအဆောက်အဦကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နောက်ဆုံးထား၍ ဖျက်သိမ်းဖယ်ရှား သွားမည်ဖြစ်ပါတယ်။ မြောက်ဦးမြို့ ပြည်သူ့ဆေးရုံဟောင်း အဆောက်အဦသည် မြောက်ဦး နန်းတော်ရာကုန်း၏အရှေ့ဘက် အလယ်ဈေးရပ်ကွက်တွင်တည်ရှိပြီး ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင် ဖွင့်လှစ်အသုံးပြုခဲ့ပြီး ပြည်သူ့ဆေးရုံအသစ်ကို မြောက်ဦးမြို့မှ ၃ မိုင်ခန့် ကွာဝေးသော ထမ္မရာဇ်မြို့သစ် ရန်ကုန်-စစ်တွေကားလမ်း အနောက်ဘက်၌ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် စတင်ဆောက်လုပ်ပြီး ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ မူလအဆောက်အဦအဟောင်းနေရာတွင် ဆေးရုံလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဆေးရုံ

အသစ်အဆောက်အဦတွင်သာ ဆေးကုသမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ရခိုင်ပြည်နယ် ပြည်သူများအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာလုပ်နိုင်ရန် အတွက် ဤအဆောက်အဦဟောင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ခရိုင်ကျန်းမာရေးဦးစီး ဌာနမှူးရုံး၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ တီဘီရောဂါ တိုက်ဖျက်ရေး ဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ မြို့မကျန်းမာရေးဌာနတို့အား လုပ်ငန်းလိုအပ် ချက်အရ အဆောက်အဦအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းမဆောင်ရွက်နိုင်မီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုချက်အရ ယာယီဖွင့်လှစ်ထားရှိပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်းများအား ရခိုင်ပြည်သူပြည်သားများအား ပံ့ပိုးပေးလျက်ရှိပါတယ်။ ယခုအခါ ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရဲ့ ရုံးအဆောက်အဦအသစ်ကို မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့ဆေးရုံအသစ်နှင့် မျက်နှာချင်းဆိုင်နေရာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့် ရန်ပုံငွေဖြင့်ဆောက်လုပ်၍ ၇၅ ရာခိုင်နှုန်းပြီးစီးနေပါပြီဖြစ်ကြောင်းနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနအဆောက်အဦပြီးပါက ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေသောဌာနများကို ပြောင်းရွှေ့ ဖွင့်လှစ်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုက်ပေးပါ။ ဝန်ကြီးခဏလေးပါ။ မိုက်တောင်းထားတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ကျန်းမာရေးဝန်ကြီးအနေနဲ့ ဒီလိုပြောပြပြီးတော့ နည်းလမ်းကောင်းတစ်ခုရှာပေးလို့ ဝမ်းသာပါတယ်။ ကျွန်တော်ပြောတဲ့စကားအပေါ်မှာ ဥက္ကဋ္ဌကြီး ကျွန်တော် နည်းနည်းရှင်းပြချင်လို့ပါ။ ဒီလိုပါ။ တာဝန်မဲ့ဆိုတဲ့ဝေါဟာရကိုသုံးမိတာက ဒီဝန်ကြီးဌာန တစ်ခုအောက်မှာရှိတဲ့ အဖွဲ့အစည်းတစ်ခုဟာ သူ့လက်ထဲကိုရောက်လာတဲ့ ဆေးရုံအပေါ်မှာကို ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ အဲဒီတော့ ဆေးရုံဟာ ထိန်းသိမ်းစောင့်ရှောက်မှုမရှိတဲ့ အတွက်ကြောင့် သာလာယံဇရပ်လိုဖြစ်နေပါတယ်။ ကျွန်တော့်စကားရိုင်းစိုင်းရင်လည်း နည်းနည်း သည်းခံပေးပါ။ အဲဒီဆေးရုံအဟောင်းကြီးကို ဒီတိုင်းပစ်ထားတဲ့အတွက်ကြောင့် အဲဒီထဲမှာ မူးယစ်

ဆေးဝါးဆေးထိုးအပ်သွင်းတာတွေ၊ နောက် မှောင်ရိပ်ခိုပြီးတော့ အဲဒီလိုကွန်ဒိုတွေဘာတွေ အဲဒါမျိုးတွေလည်း ခဏခဏဖြစ်နေပါတယ်။ အဲဒီတော့ အမှောင်ရိပ်လည်းဖြစ်တဲ့အတွက်ကြောင့် အဲဒါမျိုးကို ကျွန်တော်တို့က မိမိဝန်ထမ်းတာဝန်ရှိတဲ့ဌာနအနေနဲ့ မိမိအောက်ကိုရောက်တယ်ဆိုရင် စည်းနဲ့ကမ်းနဲ့ ထိန်းသိမ်းဖို့ တကယ်လို့လွှဲပေးမယ်ဆိုရင်လည်း လွှဲပေးဖို့၊ ဖျက်မယ်ဆိုရင်လည်း ဖျက်ဖို့ဆိုတဲ့ အကြောင်းကို လူထုသိအောင်ပြောပြချင်လို့ပါ။

နောက်တစ်ချက်က ကျွန်တော်နောက်ထပ်မေးခွန်းမေးချင်တဲ့တစ်ချက်က ဒီဆေးရုံ အဟောင်းဟာ ကျွန်တော်တို့ ငွေကြေးအားဖြင့် သိန်းသောင်းနဲ့ချီပြီးတော့ တန်ဖိုးရှိတဲ့ ခေတ်မီဆေးရုံ လေးတစ်ခုပါ။ အဲဒီအဆောက်အဦဟာ ရှေးဟောင်းသုတေသနနယ်မြေမှာရှိတယ်ဆိုရင် ဒါဟာ အများပြည်သူရဲ့ နိုင်ငံတော်ဘဏ္ဍာနဲ့ ပြည်သူအသုံးရှိအောင်လုပ်ထားတဲ့ အဆောက်အဦတစ်ခုဖြစ်ပါတယ်။ အဲဒီလို ရှေးဟောင်းသုတေသနနယ်မြေမှာရှိတဲ့အတွက်ကြောင့် ဖျက်ရမယ်ဆိုလို့ရှိရင် အများပြည်သူ နေထိုင်ခဲ့တဲ့ ရပ်ကွက်တွေကိုဖျက်ပြီးတော့ အဲဒီအပေါ်မှာ အာဏာနဲ့နီးစပ်တဲ့လူတွေ၊ ဗမာပြည်က လာပြီးတော့ ပိုက်ဆံချမ်းသာတဲ့သူဌေးတွေက အများပြည်သူရပ်ကွက်တွေဖြိုပြီးတော့ အဲဒီဖြိုတဲ့နေရာတွေမှာ ဆောက်ထားတဲ့ဟိုတယ်တွေဟာ ပုဂ္ဂလိကအကျိုးစီးပွားဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အကျိုးစီးပွား မဖြစ်ပါဘူး။ အဲဒီတော့ အဲဒီဆေးရုံအဟောင်းကို ဖယ်ရှားမယ်ဆိုရင် မြောက်ဦးမှာရှိတဲ့ တရားမဝင် ရှေးဟောင်းသုတေသနနယ်မြေထင်ထင်ရှားရှားပေါ်မှာ တည်ဆောက်ထားတဲ့ တကယ့် ရန်ကုန်မြို့ပေါ်က တပ်မတော်နဲ့နီးစပ်တဲ့ အရာရှိတွေနဲ့ပတ်သက်ပြီးဆောက်ထားတဲ့ ဟိုတယ်တွေကိုလည်း ဖျက်သင့်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ မေးချင်ပါတယ်။ အဲဒါကို ရှေးဟောင်းသုတေသဌာနက လူတွေသိအောင်လည်း ကျွန်တော်ပြောပြချင်ပါတယ်။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကိုပဲဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီအဆောက်အဦကို ဆက်ထားဖို့ ရှေးဟောင်းသုတေသနဦးစီးဌာနက ခွင့်ပြုမယ်ဆိုရှိရင်တော့ ထားမှာပါ။ သို့သော်လည်း ဒါကိုထားမယ်ဆိုရင် ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်မှာ မပါနိုင်ဘူးဖြစ်သွားတာဖြစ်ပါတယ်။ နောက် မူးယစ်ဆေးဝါး မှောင်ခိုကိစ္စကတော့ ကျွန်တော်တို့တွေ့မယ်ဆိုရင်တော့ ကျွန်တော်တို့ သက်ဆိုင်ရာရဲဌာနနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးကို

အကြောင်းကြားပါမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တိုင်းဦးစီးမှူးကို ပြန်ရောက်တာနဲ့ ဖုန်းဆက်ပြီးတော့ မေးကြည့်ပါမယ်။ လိုအပ်တာကို ကျွန်တော်တို့ဘက်က အကုန်လုံး လုပ်ပေးပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမှာမပါဘူးလေ။ မှတ်တမ်းမှာတော့ပါပါတယ်။ နားလည်ပါတယ်။ မေးခွန်းမှာမပါတာတော့လည်း မမေးပါနဲ့တော့၊ ပြည်ထောင်စုဝန်ကြီးလည်း အကျိုးအကြောင်းနဲ့ ဖြေပြီးပါပြီ။ ဟုတ်ပါတယ်။ အသုံးအနှုန်းကိုတော့ တကယ်လို့ ကိုယ်စားလှယ်ကြီးဘက်က အသုံးအနှုန်းကို မကြိုက်ချင်ရင် ဒီအသုံးအနှုန်းကိုပယ်ဖျက်ပေးစေချင်ရင် စာတင်လိုက်ပါ။ ဒါ ကျွန်တော်တို့ ပြန်လည်စဉ်းစားပေးပါမယ်။ အခု ဒီမှာတော့ အချေအတင်ဆွေးနွေးနေလို့ မေးခွန်းမှာ မေးခွန်းရှင်မဟုတ်တဲ့အတွက် ဒါကတော့ နည်းဥပဒေအရ ခွင့်မပြုနိုင်ပါဘူး။ မေးခွန်းများဖြေကြား ပြီးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးဋ္ဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါပုံမဲဆန္ဒနယ်က တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဒေါပုံမဲဆန္ဒနယ်မှ ဦးဋ္ဌေးဝင်းအောင် (ခ)ဦးပြုံးချိုက ဥက္ကဋ္ဌထံသို့ စာဖြင့်ရေးသားပြီး လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ် စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရ အားတိုက်တွန်းကြောင်း အရေးကြီးအဆိုဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အရေးကြီးအဆိုတင်သွင်းဖို့ ဦးဋ္ဌေးဝင်းအောင်ကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဌေးဝင်းအောင်(ဒေါ်ပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ အခု ပြည်သူ့လွှတ်တော်ကြီးရဲ့ နိုင်ငံသား များရဲ့ မူလအခွင့်အရေးကော်မတီရဲ့အဖွဲ့ဝင်တစ်ယောက်လည်းဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ အရေး ကြီးအဆိုတစ်ရပ်ကို တင်သွင်းမှာဖြစ်ပါတယ်။ အရေးကြီးအဆိုရဲ့အကြောင်းအရာကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအရေးကြီးအဆိုဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒုတိယအကြိမ် သက်တမ်းရှိတဲ့ပြည်သူ့လွှတ်တော်ကြီးဟာဆိုရင် ပြည်သူလူထုကို ကိုယ်စားပြုပြီးတော့ ဟောဒီ လွှတ်တော်ခန်းမထဲမှာ ပြည်သူလူထုကိုယ်စား နိုင်ငံရဲ့ နိုင်ငံသားတွေရဲ့အကျိုးစီးပွားနှင့်ပတ်သက်ပြီး နေ့စဉ်နှင့်အမျှ စုရုံးဆွေးနွေးဆုံးဖြတ်နေကြရတာဖြစ်ပါတယ်။ တစ်ဖက်ကပြန်ကြည့်မယ်ဆိုလို့ရှိရင် လည်း အခုလွှတ်တော်သက်တမ်းမှာပဲ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို ချိုးဖောက်တဲ့၊ နောက်ပြီး တော့ နိုင်ငံသားရဲ့အခွင့်အရေးတွေကို ဘယ်လိုအကာအကွယ်ပေးရမလဲဆိုတဲ့ ဥပဒေတွေနဲ့ပတ်သက် ပြီးတော့ မြောက်မြားစွာကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ တချို့ဆိုလို့ရှိရင် ပယ်ဖျက်ပြီးသွား ပါပြီ။ တချို့ဆိုလို့ရှိရင် ပြင်ဆင်နေပါတယ်။ တချို့ဆိုလို့ရှိရင် အသစ်ပြဋ္ဌာန်းပြီးသွားပါပြီ။ ဒါဟာဆိုလို့ ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ ခေတ်သစ်မှာ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ ရှေးရှုပြီး ဆောင်ရွက်ခဲ့ကြတာဖြစ်သလို ဒီလိုဥပဒေတွေကို တစ်ဖက်ကနေပြီး အကောင်အထည်ဖော်နေတဲ့ Institution တွေ Mechanism တွေဟာလည်း ဥပဒေနှင့်တစ်ပါတည်းလိုက်ပါပြီးတော့ တရားမျှတမှု၊ လွတ်လပ်မှု၊ နိုင်ငံသားတွေရဲ့အခွင့်အရေးကို ရှေးရှုဖို့အင်မတန်မှ အရေးကြီးပါတယ်။ သို့သော်လည်းပဲ ဒီကနေ့ ကျွန်တော်တို့ စိတ်မကောင်းစွာတွေ့နေရတဲ့အဖြစ်အပျက်တချို့နှင့်ပတ်သက်ပြီး ဒီအရေးကြီး အဆိုကို တင်သွင်းရခြင်း ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ ဒီကနေ့ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားတွေရဲ့ လုံခြုံခွင့်အတွက် နိုင်ငံသားတွေရဲ့ ပုဂ္ဂလလွတ်လပ်ခွင့်တွေကို အာမခံနိုင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့လွှတ်တော်က မကြာခင်ကပဲ အများသဘောတူပြီးတော့ ဥပဒေသစ်တစ်ရပ်ကို ကျွန်တော် တို့ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ဒီလိုနိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်တော့မယ်ဆိုလို့

ရှိရင် နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို အောက်တန်း၊ နောက်တန်းကျအောင်၊ ပျက်စီးအောင် နိုင်ငံသားတွေရဲ့အခွင့်အရေးကို လျစ်လျူရှုနေတဲ့သူတွေဟာ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးကို နောက်ပြန်ဆုတ်နေတယ်။ အတူတကွလိုက်ပါဖို့ကို တွန့်ဆုတ်နေတယ်လို့ ကျွန်တော်တို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် မျက်ခြေမပျက် ကျွန်တော်တို့ စောင့်ကြည့်ရမယ့်အရာတွေဖြစ်တဲ့ အတွက် ဒီကနေ့ ပြည်သူလူထုထဲကစီးဆင်းလာတဲ့သတင်းတွေ၊ အဖြစ်အပျက်တွေကလည်း ကျွန်တော် တို့ လွှတ်တော်ခန်းမကြီးထဲကိုရောက်ပြီး ဒီကနေ့တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒီတော့ နိုင်ငံသားတွေရဲ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ဖွဲ့စည်းပုံမှာလည်း လေးလေးနက်နက်ပြဋ္ဌာန်းထားသလို ဖွဲ့စည်းပုံပါ နိုင်ငံသားတွေရဲ့မူလအခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်နိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့ ယခင်နိုင်ငံတော်အစိုးရကနေပြီးတော့ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့တာရှိပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖြစ်ပါတယ်။ ဒီကြားထဲမှာလည်း ကျွန်တော်တို့လွှတ်တော်ကြီးကို ပြီးခဲ့တဲ့လကနေပြီးတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရဲ့နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းကြတဲ့အခါမှာ ကိုယ်စားလှယ်တော်တော်များများဟာ ထောက်ပြဝေဖန်ပြီးဆွေးနွေးခဲ့တာကို ကိုယ်စားလှယ်တော်ကြီးများ အသိပဲဖြစ်ပါလိမ့်မယ်။ ဒါဟာ လည်း ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ပြည်သူကိုတာဝန်ခံထားတဲ့ ကိုယ်စားလှယ်တွေက ရွေးချယ် တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော်အစိုးရအဖွဲ့၊ နိုင်ငံတော်သမ္မတအဆင့်အထိကို ကျွန်တော်တို့ဟာ ပြည်သူ့ကို မျက်နှာမူပြီးတော့ တာဝန်ခံထားရတာ ဖြစ်ပါတယ်။ အဲဒီကော်မရှင်ဟာလည်း နိုင်ငံတော်သမ္မတကနေပြီးတော့ ခုနက လွှတ်တော်နှစ်ရပ် ဥက္ကဋ္ဌတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့မှ ရွေးချယ်ထားရတဲ့ ကော်မရှင်အဖွဲ့တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်ကလည်း ခေတ်နှင့် ပြောင်းလဲသွားတဲ့အမျှ မူတွေကိုလည်းပြောင်းဖို့ ကြိုးစားရ မှာလိုသလို လိုအပ်လာလို့ရှိရင်လည်း လူတွေကိုလည်းပြောင်းဖို့ ကြိုးစားရမှာဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လုပ်သင့်လုပ်ထိုက်မျက်နှာမူရမယ့်အချက်အလက်လို့ ကျွန်တော် ရှုမြင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီကော်မရှင်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဟာ သတ်သတ်မှတ်မှတ်စည်းနဲ့ ကမ်းနဲ့ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်အောင် ဥပဒေတွေပြဋ္ဌာန်းပေးခဲ့တာရှိပါတယ်။ သို့သော်လည်းပဲ ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေပါအချက်အလက်တွေ၊

ဖွဲ့စည်းပုံပါအချက်အလက်တွေကို ချိုးဖောက်လာပြီဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဟာ ပြည်သူ့ရဲ့ မျက်နှာကိုပဲ ကြည့်ရမှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်မှန်းတီးရေးကိုအပျက်ထားပါ။ ကျွန်တော်တို့ဟာ ပြည်သူ လူထုရဲ့အကျိုးစီးပွားကို တကယ်ကာကွယ်နိုင်အောင်အတွက် ဟောဒီခန်းမထဲကနေပြီးတော့ ပြည်သူ လူထုသိရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချိုးဖောက်မှုတွေ၊ ပြည်သူ လူထုရဲ့အခွင့်အရေးတွေကို ပိတ်ပင်တားဆီးမှုတွေ၊ အဖြစ်အပျက်တွေပေါ်ပေါက်လာပြီဆိုလို့ရှိရင် တော့ ကျွန်တော်တို့ တင်ပြရမယ့်တာဝန်ရှိပါတယ်။ အခုလည်းပဲ လတ်တလော လွှတ်တော် ကိုယ်စားလှယ်ကြီးများသိပါလိမ့်မယ်။ နိုင်ငံမှာ သတင်းမီဒီယာလောကမှာ ဝုန်းဝုန်းထနေတဲ့ ညှဉ်းပန်း နှိပ်စက်ချိုးဖောက်မှုကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီကနေ့ အရေးကြီးအဆိုကို ကျွန်တော် တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီ ညှဉ်းပန်းနှိပ်စက်ချိုးဖောက်မှုဟာ အထူးသဖြင့်ပြန်ကြည့်လိုက်မယ် ဆိုလို့ရှိရင် မိန်းမသားတွေဖြစ်နေသလို၊ ကလေးသူငယ်တွေလည်း ဖြစ်နေပါတယ်။ သူတို့ရဲ့ကိုယ်ခန္ဓာ မှာ ဒဏ်ရာဒဏ်ချက်တွေရရှိတာတွေ၊ နောက်ပြီးတော့ ညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုခံရမှု၊ နောက်ပြီး တော့ လုပ်ခခေါင်းပုံဖြတ်ခံရမှုတွေနဲ့ အများအပြားပြည်သူလူထုနားထဲကို ဝင်မဆံ့အောင်၊ မကြားချင် အောင် ကြားနေရတဲ့စကားလုံးတွေဖြစ်နေပါတယ်။ အဲဒီအဖြတ်အပျက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့ သတင်းမီဒီယာလောကကနေပြီးတော့ တာဝန်ရှိတဲ့ညီအစ်ကိုတွေကနေ ဒီအချက်အလက်ကို ဖော်ထုတ်နိုင်အောင်အတွက် ကြိုးပမ်းခဲ့ကြပါတယ်။ ကြိုးပမ်းရရှိတဲ့အချက်အလက်ကို သက်ဆိုင်ရာ ရဲဌာနနဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပေးပို့ခဲ့တာရှိပါတယ်။ ရက်အတန်ကြာ စောင့်ခဲ့ရပါတယ်။ ပြီးတဲ့အခါမှာ ဆက်လက်ပြီးတော့ အချက်အလက်တွေပိုင်ပိုင်နိုင်နိုင် သူကိုယ်တိုင် ရအောင် စုဆောင်းပြီးတဲ့အခါမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အကြောင်းကြား ပြီးတော့ ဒါကို ရှောင်တခင်ဝင်ရောက်စစ်ဆေးပေးဖို့ တင်ပြတောင်းဆိုခဲ့ပါတယ်။ အားလုံးသိကြတဲ့ အတိုင်းပါပဲ။ ပြီးခဲ့တဲ့ ၁၅ ရက်နေ့က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှာ သက်ဆိုင် တဲ့သူတွေကို ခေါ်ဆိုပြီးတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရယ်၊ အဲဒီရုံးကဝန်ထမ်း တွေရယ်၊ ကျွန်တော်တို့ ကျောက်တံတားမြို့နယ်ဦးစီးဌာနက ပုဂ္ဂိုလ်တွေ၊ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးတွေ၊ ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်တွေ၊ နောက်ပြီးတော့ ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း၊ မြန်မာအယ်ဒီတာချုပ် ကိုဆွေဝင်း၊ အဲဒီအပြင် ကာယကံရှင် မိန်းကလေး နှစ်ယောက်ရဲ့မိဘတွေနဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေ ဖြစ်တဲ့ ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြတို့ပါဝင်ပြီးတော့ ဆွေးနွေးညှိနှိုင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ကြ

တာ အားလုံးအသိပါပဲ။ အဲဒီဆွေးနွေးညှိနှိုင်းပွဲရဲ့ထူးခြားချက်ခေါင်းစဉ်က ဘာလဲဆိုတဲ့အခါကျတော့ အင်း၀အပ်ချုပ်ဆိုင်က အိမ်ဖော်အမျိုးသမီးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းရန်မှတ်တမ်းဆိုပြီးတော့ ရေးထားတာတွေ့ရပါတယ်။ အမျိုးသမီးငယ်နှစ်ယောက်ကို ညှဉ်းပန်းနှိပ်စက်မှုမှန်းသိရဲ့သားနဲ့ ဥပဒေကြောင်းအရ နိုင်ငံသားတွေကို အကာအကွယ်ပေးမှု ဘာကြောင့်မကြိုးစားခဲ့ရတာလဲ။ ပြီးတဲ့အခါမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးက ထုတ်ပြန်ထားတဲ့ လက်ကမ်းကြေညာစာတမ်း၊ ပြည်သူလူထုအားလုံးလက်ထဲကိုရောက်အောင် ကြိုးစားခဲ့တဲ့ လက်ကမ်းကြေညာစာတမ်းရဲ့ရည်ရွယ်ချက်၊ ဖွင့်ဆိုပုံနှင့်လည်း လွဲချော်နေတာကို သွားတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်ပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကိုယ်အင်္ဂါပျက်ယွင်းသွားအောင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဝင်ငွေလုပ်ခတွေခေါင်းပုံဖြတ်ထားခြင်း၊ နောက်ပြီးတော့ ဒီအချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ ကလေးသူငယ်ဥပဒေရှုထောင့်ကပဲပြန်ကြည့်ကြည့်၊ အလုပ်သမားအက်ဥပဒေအရပဲ ပြန်ကြည့်ကြည့် တချို့ကိစ္စတွေဟာ ဘယ်လိုမှကျေအေးလို့မရနိုင်တဲ့ကိစ္စတွေဆိုတာ ကိုယ်စားလှယ်တော်ကြီးများ သိမှာဖြစ်ပါတယ်။ အဲဒီလိုကျေအေးလို့မရနိုင်တဲ့ပုဒ်မတွေမှန်းသိရက်သားနဲ့ ပြီးတဲ့အခါမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးများဟာ ယခင်ဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အဆင့်မြင့်အရာရှိ၊ အကျဉ်းဦးစီးဌာနရဲ့ အဆင့်မြင့်အရာရှိတွေအနေနဲ့ တာဝန်ထမ်းဆောင်နေစဉ်မှာ ဒီလို ညှဉ်းပန်းနှိပ်စက်မှုဟာ အခုလိုမျိုး ကျေအေးလို့မရဘူးဆိုတာကို မသိခဲ့ဘူးလား။ တော်တော်စဉ်းစားစရာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီအချက်အလက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နဲ့ပတ်သက်ပြီးတော့ တချို့လည်း ကြိုးစားပမ်းစားဆောင်ရွက်နေကြတဲ့သူတွေရှိသလို တချို့ဟာလည်း တည်ဆဲဥပဒေတွေကို ချိုးဖောက်လိုက်တဲ့သူတွေ ရှိနေပြီဆိုတာ ပေါ်လွင်နေပါတယ်။ အဲဒီတော့ ဒီကနေ့ ဒီကနေ့တင်သွင်းရတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုလို့ရှိရင် တည်ဆဲဥပဒေကိုချိုးဖောက်ခြင်းတွေနဲ့ ပါဝင်ပတ်သက်နေတဲ့ အင်္ဂါပျက်ယွင်းသွားသည်အထိ ဖြစ်လောက်တဲ့အမျိုးသမီးငယ်တွေကို လျော်ကြေးငွေနဲ့ကျေအေးခဲ့ရတဲ့အဖြစ်အပျက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကို ချိုးဖောက်ပြီးတော့ အချိန်တိုတိုအတွင်းမှာ ကိုယ့်သဘောနဲ့ကိုယ်ဆောင်ရွက်ခဲ့တဲ့ကိစ္စ၊ ပြီးတဲ့အခါမှာ ကျွန်တော်တို့ သတင်းထောက်ကိုဆွဲဝင်းကနေပြီးတော့ ပြောပါတယ်။ ရဲတပ်ဖွဲ့က အဲဒီတွေ့ဆုံဆွေးနွေးပွဲမှာ ဒါဟာကျွန်ပြုခြင်းဖြစ်ပါ

တယ်။ ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်ပါတယ်။ ကိုယ်အင်္ဂါ ချို့ယွင်းခြင်းဖြစ်ပါတယ်။ ဒါဟာ ပြစ်မှုမြောက်ပါတယ်လို့ပြောတဲ့စကားကို မျက်ကွယ်ပြုခဲ့ပြီးတော့ ပြီးတဲ့အခါမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးဒွေးဝင်းအောင် တင်သွင်းသွားတဲ့အရေးကြီးအဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မိခင်ဥပဒေဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်သော နိုင်ငံသားများ၏မူလအခွင့်အရေးများကို ကျော်လွန်၍ ဘာမှလုပ်ပိုင်ခွင့်လည်းမရှိပါဘူးရှင်။ ဒီမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးမှာပါဝင်တဲ့ ပုဒ်မ ၃၅၈ သည် နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။ ပုဒ်မ ၃၅၉ သည်နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချမှတ်ထားခြင်းမှတပါး အဓမ္မခိုင်းစေခံရခြင်းများကို တားမြစ်သည်လို့ဆိုပါတယ်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥပဒေ အခန်း(၂) ရည်ရွယ်ချက်(၃)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးကို ပိုမိုကာကွယ်စောင့်ရှောက်ရန်လို့ပါပါတယ်။ ဒီတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ရည်ရွယ်ချက်ပါ အဲဒီအချက် ပုဒ်မ ၃ ကို ကာကွယ်စောင့်ရှောက်ရန်အလိုလိုတာဝန်ရှိပြီးဖြစ်ပါတယ်ရှင့်။ အခု လောလောဆယ်ဖြစ်နေတဲ့ အဖြစ်အပျက်များကိုကြည့်ရမယ်ဆိုလို့ရှိရင် ကျွန်မတို့ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်အနေနဲ့ အခုကျူးလွန်ခဲ့တဲ့ အမျိုးသမီးကလေးငယ်လေးနှစ်ယောက်ဟာ ကျွန်မတို့ ပုဒ်မ ၃၂၅ တုံးသောလက်နက်နဲ့အပြင်းအထန်နာကျင်စေမှု၊ ပုဒ်မ ၃၂၆ အပြင်းအထန်နာကျင်စေမှု ဒါတွေဟာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ထိုက်ပါတယ်။ ပုဒ်မ ၃၆၇ ထိုသူကို အပြင်းအထန် နာကျင်စေခြင်း ဒါမှမဟုတ် ကျွန်ပြုခြင်းကိုဖြစ်စေ

၁၀ နှစ်အထိ ဒီလိုထောင်ဒဏ်ထိုက် ပါတယ်။ ပုဒ်မ ၃၆၈ မှာလည်း ခိုးယူခြင်း၊ မတရားသဖြင့်ဝှက်ပေးခြင်း၊ ချုပ်နှောင်ထားရန်အကြံဖြင့် ဝှက်သိမ်းခြင်း၊ ထိုသို့ဝှက်သိမ်းရန်၊ ချုပ်နှောင်ရန်ကိစ္စအလို့ငှာ ခိုးယူပြီးသကဲ့သို့ ဒါလည်း ထောင်ဒဏ် ၁၀ နှစ်အထိ ထိုက်ပါတယ်။ ဒီပြစ်မှုများဟာ ရဲအရေးပိုင်မှုပြစ်မှုများပဲဖြစ်ပါတယ်ရှင့်။ ရဲအရေးပိုင်မှုပြစ်မှုများဟာ မည်သူမျှကျေအေးခွင့်မရှိပါဘူးရှင်။ တရားရုံးကတော့ ကျေအေးခွင့်ပေးနိုင်သော်လည်း မည်သူမျှ ကျေအေးပိုင်ခွင့်မရှိသော အမှုများဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် တရားရုံးရဲ့တရားစီရင်ရေးအာဏာကိုကျော်လွန်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က လုပ်ဆောင်နေတယ်လို့ ကျွန်မတို့စွပ်စွဲရပါလိမ့်မယ်။

နောက်တစ်ချက်ကတော့ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့် အခန်း(၅) ပုဒ်မ ၂၂ မှာဆိုလို့ရှိရင် ကော်မရှင်ဟာ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်းတိုင်ကြားချက်တွေကို စွပ်စွဲချက်တွေနဲ့စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးရမယ်လို့ပါပါတယ်။ နောက်တစ်ခါ ပုဒ်မ ၃၄ မှာတော့ ကော်မရှင်ရဲ့ တိုင်တန်းချက်နှင့်စပ်လျဉ်းပြီးဖြေရှင်းဆောင်ရွက်ချက်နေရာမှာ တိုင်တန်းချက်ပါအကြောင်းခြင်းရာသည် ညှိနှိုင်း၍ရသော အလားအလာရှိသည်ဟုယူဆပါက ညှိနှိုင်းဖြေရှင်းသောနည်းလမ်းကိုအသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီသာ ဖြစ်ရမည်လို့ပါပါတယ်။ ဒီထဲမှာ ညှိနှိုင်း၍ရသော၊ အလားအလာရှိသောလို့ပါသလို တည်ဆဲဥပဒေများနှင့်အညီလည်း ဖြစ်ရပါမယ်။ အခုဖြေရှင်းဆောင်ရွက်ပေးမှုများဟာ တည်ဆဲဥပဒေများကို ကျော်လွန်ဖောက်ဖျက်ခြင်းသာလျှင် ဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေနဲ့ အမှုနှင့် ကျူးလွန်သူတွေကို ဖော်ထုတ်ဆောင်ရွက်ရမယ့်အဖွဲ့အစည်းက ကျူးလွန်သူတွေကို အမှုပိတ်သိမ်းအောင်၊ ကျူးလွန်သူများကို သက်သာခွင့်ရအောင် ဆောင်ရွက်ပေးနေသကဲ့သို့ရှိနေပါတယ်ရှင့်။ ညှိနှိုင်းဆောင်ရွက်ကျေအေးမှုတွေကိုလည်း တရားရုံးသွင်းဖို့ပဲ သူဟာအကြံဉာဏ်ပေးသင့်ပါတယ်။ ဒါ့ကြောင့် နိဂုံးချုပ်အနေဖြင့်ပြောရရင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေ အခန်း(၄) ပုဒ်မ ၁၈ မှာ ကော်မရှင်ဥပဒေ အခန်း(၄)မှာ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးများအတွက် ဖြည့်စွက်ခန့်ထားခြင်းဆိုတဲ့အခန်း ပုဒ်မ ၁၈ မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက တာဝန်မှရပ်စဲနိုင်သည်လို့ပါပါတယ်။ (ဃ)မှာ ကော်မရှင်ကချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ ပုဒ်မ ၃၄ ပါ စည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်တဲ့အတွက် ဦးဌေးဝင်းအောင်(ခ)

ဦးပြုံးချိုတင်သွင်းသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကိုအကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်နိုင်ရန် ပြည်သူများ၏ ကိုယ်စား ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဌေးဝင်းအောင်တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒီအရေးကြီးအဆိုကို ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဌေးဝင်းအောင်တင်သွင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါ်ပုံမဲဆန္ဒနယ်က တင်သွင်းသော အရေးကြီးအဆို နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၂၃-၉-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြပါရန် အသိပေးတင်ပြပါတယ်။

**ဦးသန်းညွန့်၊ ဖြူးမဲဆန္ဒနယ်က မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသန်းညွန့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းညွန့်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်မယ့်အဆိုကတော့ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံပြီးတော့ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာ့မီးရထားသမိုင်းကို ပြန်ကြည့်လျှင် တစ်ချိန်က မြန်မာ့မီးရထားသည် အရှေ့တောင်အာရှမှာ အတော်လေးအဆင့်အတန်းရှိခဲ့တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ယခင် ဖဆပလခေတ်နဲ့ တော်လှန်ရေးကောင်စီခေတ် အပြောင်းအလဲကာလထိ မြန်မာ့မီးရထားဟာ ဒဂုံလွင်တို့ ရွှေမန်းမေတို့ဆိုတာ အတော်လေးခေတ်မီပြီးတော့ တိုးတက်နေတာကို တွေ့ရပါတယ်။ ရွှေမန်းမေမီးရထားဆိုလျှင် ရုပ်ရှင်ရိုက်ကူးရသည်အထိ အတော်လေးအောင်မြင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီရွှေမန်းမေသီချင်းလည်း ယခုခေတ်စကားနဲ့ပြောရင် ဒီသီချင်းဟာလည်း ပြည်သူကြားမှာ အတော်လေးပေါက်သွားတယ်ဆိုတာကိုလည်း တစ်ချိန်က မီခဲ့တဲ့လူတွေသိပါလိမ့်မယ်။ ဒါပေမဲ့ တော်လှန်ရေးကောင်စီခေတ်နောက်ပိုင်း နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံရဲ့စီးပွားရေးမူဝါဒတွေ အပြောင်းအလဲကြောင့် မြန်မာ့မီးရထားဟာ တဖြည်းဖြည်းတဖြည်းဖြည်းနဲ့ ကျဆင်းလာပြီးတော့ မှောင်ခိုကုန်သည်ခေတ်ကိုရောက်လာတဲ့အခါမှာ မီးရထားဟာ အဖျက်အဆီးခံရပြီးတော့ နာလန်မထူနိုင်အောင် ယနေ့အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မီးရထားဟာ နိုင်ငံတကာနဲ့ယှဉ်လို့ရှိရင် ကျွန်တော်တို့ အများကြီးခေတ်နောက်ကျနေတာကို တွေ့ရပါတယ်။ တစ်ချိန်က မီးရထားကို အားကိုးအားထားပြုခဲ့တဲ့ ပြည်သူများဟာ ယနေ့ခေတ်မမီနေတော့တဲ့အခါမှာ မီးရထားရဲ့ တွဲပိုင်းတွေ၊ လမ်းပိုင်းတွေ၊ စက်ခေါင်းပိုင်းတွေ၊ ဒါ့အပြင် အချိန်မမှန်မှု၊ အချိန်နောက်ကျမှုစသည်ဖြင့် ခရီးသွားစီးနင်းမှုတွေ နည်းပါးလာတဲ့အတွက် မီးရထားဟာ ကျဆင်းလာပါတယ်။ ဒီမီးရထားကိုသာ ကျွန်တော်တို့ ယခင်ကဲ့သို့ အဆင့်အတန်းရှိရှိ သတ်မှတ်ပြီးတော့ ပြေးဆွဲနိုင်ခဲ့လို့ရှိရင် မီးရထားကို ပြည်သူတွေအားကိုးလာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မီးရထားတစ်စင်းမှာ အိပ်ခန်းတွဲ၊ အထက်တန်းတွဲ၊ ပထမတန်းတွဲ၊ ရိုးရိုးတန်းတွဲဟူ၍ ချိတ်ဆွဲပြေးနိုင်ပြီးတော့ တစ်ကြိမ်တည်းမှာ မီးရထား ခရီးသည်ဟာ လေး၊ ငါးရာလောက်ကို တစ်ကြိမ်တည်းနဲ့ သယ်ပို့ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဆင်းရဲချမ်းသာမရွေး လူတန်းစားအသီးသီး မီးရထားကို စီးနင်းနိုင်မှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးမကောင်းတဲ့လူတွေ သက်ကြီးရွယ်အိုတွေဟာ မီးရထားကို စီးလို့ရှိရင် မီးရထားမှာ သန့်စင်ခန်းပါတဲ့အတွက် မီးရထားဟာ ခရီးသွားပြည်သူများအတွက် အသင့်တော်ဆုံးသော ခရီးသွားပို့ဆောင်ရေး ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီလိုအဘက်ဘက်က အဆင်ပြေနေတဲ့ အကျိုးတရားတွေ၊ အားသာချက်တွေရှိနေပါသော်လည်း မြန်မာ့မီးရထားရဲ့ အဆင့်အတန်းရဲ့ နိမ့်ကျမှုကြောင်း ယနေ့ မြန်မာ့မီးရထားကို ခရီးသွားသူ လုပ်သားပြည်သူများဟာ သိပ်အသုံးမပြုနိုင်ဘဲနဲ့ မီးရထားဝင်ငွေကလည်း ကျဆင်းခဲ့ရပါတယ်။ ဒါပေမဲ့ ဒီဝင်ငွေကျဆင်းလာတာနှင့်အညီ လျစ်လျူရှုပြုခဲ့ပြီးတော့ မီးရထားအဆင့်မမြှင့်တင်ခဲ့လျှင် အခြားဖွံ့ဖြိုးပြီးသော နိုင်ငံတွေမှာ မီးရထားအသုံးပြုမှုကို၊ ဘာကြောင့်မီးရထားကို များများအသုံးပြုနေကြပါသလဲဆိုတာကို ကျွန်တော်တို့ စဉ်းစားစရာရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတကာမှာ အသုံးပြုနေရတဲ့ မီးရထားကို နှိုင်းယှဉ်ပြီးကြည့်လျှင် သိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point နဲ့ အသုံးပြုခွင့်ပြုရန် မေတ္တာရပ်ခံအပ်ပါတယ်။ နိုင်ငံတကာမှာ မီးရထားကို ကြည့်လိုက်လို့ရှိရင် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်မှာ ကျွန်တော်တို့ မြန်မာပြည်ထက် ဧရိယာနည်းပေမဲ့နှင့် မီးရထားလမ်းရဲ့ကီလိုမီတာ အရှည်ပေါင်းဟာ နှိုင်းယှဉ်ပြီးကြည့်လို့ရှိရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဘယ်ရွေ့ဘယ်မျှ သယ်ယူပို့ဆောင်ရေး မီးရထားကို ကျယ်ကျယ်ပြန့်ပြန့် အားကိုးတကြီး သုံးနေရတာကို ဒီဇယားနဲ့ နှိုင်းယှဉ်ပြပြီးတော့ ကြည့်ရင်သိနိုင်ပါတယ်။ တဖက်ကလည်း တစ်နာရီကို ကီလိုမီတာ ၂၀၀ ၊ ၃၂၀ လောက် သွားနေတော့ မီးရထားတဲ့အဆင့်အတန်းမြင့်မှုတွေ၊ ခရီးသွားပြည်သူများရဲ့ အချိန်ကြန့်ကြာမှုမရှိအောင် သယ်ယူပို့ဆောင်နေတာလည်း

တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် မီးရထားဟာ မြန်မာနိုင်ငံမှာ ဒီအဆင့်အတန်းလောက် မမီလင့်ကစား မီးရထားစင်းရေများများနဲ့ အချိန်နောက်မကျအောင်၊ အချိန်စောစောစီးစီးရောက်နိုင်အောင်၊ အချိန်မီရောက်နိုင်အောင် မီးရထားကို သယ်ယူပို့ဆောင်သင့်တယ်လို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြနေတာက ဒီမီးရထားရဲ့ နိမ့်ပါးမှုကြောင့် တင်ပြနေတဲ့ အကြောင်းအရင်း တစ်ချက်တည်းမဟုတ်ပါဘူး။ နောက်တစ်ချက်အနေနဲ့ တင်ပြရရင် ရန်ကုန်-မန္တလေး လမ်းကြီးဟာ အမြန်လမ်းကြီးဟာ လေးလမ်းသွားအမြန်လမ်းကြီးဟာ ဖောက်လုပ်ပြီးစီးကတည်းက မီးရထားရဲ့ နိမ့်ကျမှုနဲ့အတူ ခရီးသွားပြည်သူများဟာ ခရီးသည်တင်ကားများကို အားကိုးတကြီး စီးနင်းလာရတာ တွေ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမြန်လမ်းကြီးဟာ လေးလမ်းသွားဖြစ်ပြီးတော့ အသွားလမ်းအပြန်လမ်း၊ ယာဉ်ကြောသီးခြားရှိသဖြင့် ရှောင်တိမ်းစရာမလိုခြင်း၊ ယာဉ်လိုင်းများ များပြားသဖြင့် ဘက်စ်ကားခရီးသည်များ အချိန်တိုတိုအတွင်း လိုရာခရီးသို့ ရောက်နိုင်ခြင်း၊ ကားစီးရန်အချိန်စောင့်ဆိုင်းရန်မလိုခြင်း၊ အချိန်မရွေးစီးနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်းတို့ကြောင့် ဒီအကြောင်းအချက်တွေ အားသားချက်တွေ၊ အကျိုးတရားတွေကြောင့် ခရီးသည်အများစုဟာ ယာဉ်လိုင်းများကို ဒီနေ့ပိုမိုစီးလာတာ တွေ့ရပါတယ်။ ယာဉ်လိုင်းများကို ပိုမိုစီးလာနဲ့အမျှ ကုမ္ပဏီတွေကလည်း ယာဉ်လိုင်းကားများကို ပိုမိုချဲ့ထွင်ပြီးတော့ စီးရေများများ ပြေးဆွဲလာတာကို ကနေ့ မျက်ဝါးထင်ထင်တွေ့နေရပါတယ်။

ဒါပေမဲ့ ယာဉ်လိုင်းများဟာ နေ့ရောညရော ခရီးသည်တွေရဲ့ လိုအင်အရ ပြေးဆွဲလာရတဲ့အခါမှာ ယာဉ်မောင်းများရဲ့ အာရုံနွမ်းနယ်မှု၊ အိပ်ငိုက်မှု၊ ယာဉ်ရဲ့ချွတ်ယွင်းမှု၊ လမ်းပိုင်းရဲ့အနေအထားတွေကို ဂရုမစိုက်မှုကြောင့် မတော်တဆတိမ်းမှောက်မှုများဟာလည်း ဒီနေ့မြင်တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဘယ်လောက်၊ ဘယ်ရွေ့ဘယ်မျှ မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုတွေ တွေ့နေရသလဲဆိုတာကို ပြည်သူ့လွှတ်တော်က ထုတ်ပြန်ထားတဲ့ သုတေသနစာရင်းအရလည်း ကျွန်တော် သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်သုတေသနစာရင်းအရ ၂၀၁၃ ခုနှစ်မှာ မတော်တဆမှုဟာ ၂၉၅ မှု၊ ထိခိုက်ဒဏ်ရာရမှုက ၆၂၂ ဦး၊ သေဆုံးတဲ့သူက ၁၀၃ ဦး ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ မတော်တဆမှုဟာ ၄၀၂ မှု၊ ထိခိုက်ဒဏ်ရာရမှုက ၇၆၆ ဦး၊ သေဆုံးမှုက ၁၄၇ ဦး၊ ၂၀၁၅ ခုနှစ်မှာ မတော်တတဆမှုမှာ ၄၅၃ မှု၊ ထိခိုက်ဒဏ်ရာရမှုက ၁၀၃၃ ဦး၊ သေဆုံးသူက ၁၂၄ ဦး၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလကနေ မတ်လ ၆ လပိုင်းမှာ ခြောက်လအတွက်က ယာဉ်မတော်တဆမှုဟာ ၁၇၄ မှု၊ ထိခိုက်ဒဏ်ရာရမှုက ၂၈ ဦး၊ သေဆုံးမှု ၄၃ ဦး၊ နောက်တစ်ခုကတော့ ၁၅-၅-၂၀၁၆ ရက်နေ့မှ ၆-၇-၂၀၁၆

ရက်နေ့ထုတ် Daily Eleven သတင်းစာရဲ့ ဖော်ပြချက်ကတော့ အခုနက ပြည်သူ့လွှတ်တော်စာရင်း ဇယားနဲ့ အရေအတွက်ကတော့ သိပ်မကွာပါဘူး။ ဒီမှာကြည့်လို့ရှိရင် တစ်စနဲ့ တစ်စ သေဆုံးတဲ့ဦးရေ တွေ၊ ထိခိုက်ဒဏ်ရာရတဲ့ဦးရေ၊ ယာဉ်မတော်တဆမှုဦးရေတွေက တဖြည်းဖြည်းတိုးတက်ပြီးတော့ များပြားလာတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီလိုတွေ့ရတဲ့အတွက် ကျွန်တော်တို့ ဘယ်လိုဖြစ်လာ တုန်းဆိုတော့ ကျွန်တော်တို့အနေနဲ့ ဒီကုန်းလမ်းသယ်ယူပို့ဆောင်ရေးရဲ့ ခရီးသည်တင်ကားလိုင်းဟာ ခရီးသည်တွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို မလုံခြုံဘူးဖြစ်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင်မို့လို့ ဖွံ့ဖြိုးပြီးတိုင်းပြည်များမှာ မြေအောက်၊ နောက်ပြီးတော့ ကျည်ဆံရထားတွေ၊ မြေပေါ် ရထားတွေ အသုံးပြုမှုများပြားနေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုမှုနည်းပါးနေတဲ့အတွက် ဒီခရီးသည်နှင့် လိုင်းကားမှာ ခရီးသည်တွေ အားကိုးအားထားပြုနေရတဲ့အချိန်မှာ ခရီးသည်တွေရဲ့ မတော်တဆသေဆုံးမှုတွေ၊ ဒဏ်ရာရမှုတွေက တစ်နှစ်ထက်တစ်နှစ်၊ တစ်ဆထက်တစ်ဆများပြားလာ ပါတယ်။ ဟိုတစ်နေ့ကဆိုလည်း မိုင်တိုင် (၁၁၃) မှာ ဘတ်စ်ကားတစ်စီးမှောက်လိုက်တာဟာ နေရာတင် အမျိုးသမီးလေးယောက်၊ အမျိုးသားလေးယောက်၊ နောက်တစ်ပတ် ကားတစ်စီးဘေးကျတာ တစ်ယောက်။ အဲဒီတော့ ကျွန်တော်တို့ အမြန်လမ်းမှာ ဒီလောက်ဆုံးရှုံးနေတဲ့အခါမှာ ကျွန်တော်တို့ မီးရထားဘက်က အဆင်ပြေမယ်ဆိုရင် တစ်ဖက်ကလည်း သက်သက်သွားမယ်။ တစ်ဖက်လည်း တိုင်းပြည်အတွက် ဝင်ငွေတိုးလာမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ ဒီနေ့ မီးရထားဟာ သူများနိုင်ငံတွေမှာ မြေပေါ်မြေအောက်စသည်ဖြင့် ကျည်ဆံရထားစသည်ဖြင့် ဒီလောက်ကြီးသုံးနှုန်းနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ မီးရထားက အဆင့်အတန်းသိပ်ပြီးတော့ နိမ့်ပါး နေတာကို ကျွန်တော် ဟိုအရင်တစ်နှစ်က မီးရထားဆောင်းပါးထဲမှာ တစ်ခုဖတ်လိုက်ရတာ ဘယ်လောက်ထိပြောသလဲဆိုရင် ဆောင်းပါးရှင်ဟာ ကျွန်တော်တို့ မြန်မာပြည်မီးရထားဟာ မြင်းလိုက ဆုန်ပေါက်ပြီးတော့၊ ဆင်လိုဘယ်ညာယိမ်းပြီးတော့၊ လိပ်လိုသွားတယ်ဆိုတဲ့ ဒီလောက်အဆင့်အတန်း နိမ့်တယ်ဆိုတဲ့ဟာကိုတွေ့ရတော့ ကျွန်တော်တို့ နိုင်ငံဒီနေ့ ဒီမိုကရေစီဖွံ့ဖြိုးလာတဲ့နိုင်ငံမှာ နိုင်ငံခြားသား ခရီးသည်တွေ များပြားလာတဲ့အခါမှာ မြန်မာပြည်ရဲ့၊ နိုင်ငံတော်ရဲ့ ပုံရိပ်ဖြစ်တဲ့ မီးရထားဂုဏ်အင်္ဂါ တစ်ရပ်အနေနဲ့လည်း ရှိသင့်ရှိထိုက်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာပြည်သူ ပြည်သားတွေရဲ့ ဆင်းရဲချမ်းသာ မရွေးစီးနိုင်တဲ့-----။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းညွန့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ဦး(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် ဆွေးနွေးတင်ပြမှာကတော့ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် တင်သွင်းသွားတဲ့ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ဒီ့ထက်ပိုမိုရင်နှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုကြည့်မယ်ဆိုရင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေလမ်းကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လေလမ်းကြောင်းဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုပြီးတော့ ကဏ္ဍကြီးသုံးရပ်ကို တွေ့ရမှာဖြစ်ပါတယ်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာဆိုရင် မော်တော်ယာဉ်များနှင့်သယ်ယူပို့ဆောင်ပေးခြင်း၊ နိုင်ငံပိုင်မီးရထားနှင့် ခရီးသွားပြည်သူများ၊ ကုန်ပစ္စည်းများကို လိုရာအရပ်ဒေသတွေကိုရောက်အောင် ဖြည့်ဆည်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မော်တော်ယာဉ်အသုံးပြုတဲ့ ပို့ဆောင်ရေးကဏ္ဍမှာ လူစည်းစိမ်ခံကားများကအစ ကုန်ပစ္စည်းသယ်ယူပို့ဆောင်တဲ့ ခြောက်ဘီးကား၊ ရှစ်ဘီးကား၊ ဆယ်ဘီးကား၊ ၁၂ ဘီးကားနဲ့ နောက်တွဲကားများအထိ နိုင်ငံတကာနှင့် မကွာခြားလှပေမယ့် မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ပြည်သူများရဲ့ လိုအပ်ချက်ဖြည့်ဆည်းနိုင်မှု အားနည်းနေတာကို တွေ့ရပါတယ်။ နိုင်ငံတကာနှင့် ယှဉ်ကြည့်မယ်ဆိုရင် မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍဟာ အလွန်ကွာခြားနေပါတယ်။ နိုင်ငံအတော်များများမှာ မြေပေါ်မြေအောက်ရထားများ ပြေးဆွဲနေကြပြီးတော့ မြေပေါ်မှာဆိုရင် ရိုးရိုးသာမန်ရထားတင်မကဘဲနဲ့ အမြန်နှုန်းမြင့် ရထားများပင် ပြေးဆွဲနေကြပြီဖြစ်ပါတယ်။ တချို့နိုင်ငံများဆိုရင် မြေအောက်ရထားများအထိ ပြေးဆွဲပြီးတော့ ပြည်သူများရဲ့ ပို့ဆောင်ရေးအခန်းကဏ္ဍကို ပြည့်စုံအောင် ဖြည့်ဆည်းပေးတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က လူဦးရေ သန်း ၃၀ သာ ရှိသော်လည်း ယနေ့ သန်း ၅၀ ကျော်ရှိလာပါပြီ။ လူဦးရေသာ နှစ်ဆတိုးလာပေမယ့် မီးရထား

ကဏ္ဍတိုးတက်မှုဟာ လွန်ခဲ့သော် နှစ် ၃၀ ခန့်က အနေအထားနှင့် ကွာခြားမှုက များနေတာကို တွေ့ရှိရပါတယ်။ လူဦးရေတိုးတက်လာတာနှင့်အမျှ နိုင်ငံသားများရဲ့ စားဝတ်နေရေးကိစ္စ၊ ဘဝ ရပ်တည်ရေး၊ လူမှုကိစ္စအဝဝဟာ ပိုမိုများပြားလာပြီးတော့ သွားရေးလာရေး၊ ကုန်စည်များသယ်ယူ ပို့ဆောင်ရေးဟာ ပိုမိုကျယ်ပြန့်လာတာဖြစ်တဲ့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍအား မဖြစ်မနေ တိုးချဲ့ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်တော်များများ မှာ ပြည်သူများရဲ့ သွားရေးလာရေးအဆင်ပြေစေရေး၊ အချိန်ကုန်သက်သာ၊ လူလည်းသက်သာစွာနဲ့ လိုရာခရီးကို ရောက်ဖို့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ကျည်ဆံရထားဆိုတဲ့ မြန်နှုန်းမြင့်ရထားများ တီထွင်ပြီးတော့ ပြည်သူများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံအဖြစ်ကိုရောက်အောင် သွားမယ်ဆိုရင် မီးရထားကဏ္ဍကို ဒီ့ထက်မက ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေမြှင့်တင်ပေးရမှာဖြစ်ပါတယ်။ စက်မှုဖွံ့ဖြိုးတိုးတက်လာပြီဆိုတာနဲ့ ကုန်ကြမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်ချောသယ်ယူပို့ဆောင်ရေးကဏ္ဍများကလည်း ပိုမိုကျယ်ပြန့်လာမှာဖြစ်ပါတယ်။ ကုန်ပစ္စည်းသယ်ဆောင်မှုကဏ္ဍမှာ ရေလမ်းနှင့်သယ်ဆောင်မှုစရိတ်ဟာ စရိတ်အသက်သာဆုံးဖြစ်ပြီးတော့ ဒုတိယစျေးအသက်သာဆုံးကတော့ မီးရထားဖြင့် သယ်ဆောင်ခြင်းသာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် အစည်းအဝေးများမှာ သက်ဆိုင်ရာမြို့နယ် ဒေသကိုယ်စားပြု ကိုယ်စားလှယ်များကနေပြီးတော့ မိမိတို့ဒေသမှာ ကြုံတွေ့နေရတဲ့ မီးရထားကဏ္ဍရဲ့လိုအပ်ချက်များကို ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ မကြာခဏမေးမြန်းနေခြင်းဟာ မြန်မာ့မီးရထားကဏ္ဍရဲ့ လိုအပ်ချက်၊ အားနည်းချက်များကိုလည်း မီးမောင်းထိုးပြနေတယ်လို့လည်း ထင်မိပါတယ်။ ဒါ့အပြင် မီးရထားကို အသုံးပြုသော ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းဟာ မော်တော်ယာဉ်ကိုအသုံးပြုပြီးတော့ ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းထက် ယာဉ်မတော်တဆဖြစ်မှု ပိုမို နည်းပါးတာကိုလည်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။

ဒါကြောင့် မီးရထားအခန်းကဏ္ဍမှာ ခရီးသွားမီးရထားအစင်းရေများ တိုးချဲ့ပေးခြင်း၊ ကုန်စည်ပစ္စည်းများသယ်ဆောင်ခြင်းကုန်ရထားများကို တိုးချဲ့ပေးခြင်း၊ မြန်မာ့မီးရထားဌာနရဲ့ ဝန်ဆောင်မှုအခန်းကဏ္ဍကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် မီးရထားကဏ္ဍကို ဒီထက်ပိုမိုပြီးတော့ ပြုပြင်ချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြရရင်တော့ ကျွန်တော်ဟာ ဆန်လုပ်ငန်းရှင်

တစ်ဦးဖြစ်တဲ့အတွက် ဆန်တင်ပို့ခြင်းကိစ္စနဲ့ပဲ နိဂုံးချုပ်ပါမယ်။ ယနေ့ကျွန်တော်တို့ ဆန်ကုန်စည် တစ်တန်ကို ရန်ကုန်ကနေပြီးတော့ မန္တလေးကိုပို့တဲ့အခါမှာ ရထားနဲ့ပို့မယ်ဆိုရင် နှစ်သောင်း သုံးထောင်ခန့်ကျပါတယ်။ ကားနဲ့ပို့မယ်ဆိုရင်တော့ သုံးသောင်းခန့် ကျပါတယ်။ ဒီနေရာမှာ ကွာဟချက်က ခုနစ်ထောင်ပါ။ ဒီငွေခုနစ်ထောင်ဟာ ရာခိုင်နှုန်းအားဖြင့် တွက်ရင်တော့ ၂၅ ရာခိုင်နှုန်း ခန့်ရှိပါတယ်။ မီးရထားနဲ့ပို့ရင် ၂၅ ရာခိုင်နှုန်းလောက်သက်သာပြီးတော့ ကားနဲ့ပို့ရင် ၂၅ ရာခိုင်နှုန်း လောက်ပိုပေမဲ့ တကယ်တမ်း ကုန်သည်အများစုဟာ ကားကိုသာလျှင် အသုံးပြုပါတယ်။ ဒီနေရာကို ကျွန်တော်တို့ဆန်းစစ်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ မီးရထားနဲ့ ပို့ဆောင်မယ်ဆိုရင် မီးရထား ဌာနရဲ့ကုန်စည်အတွဲများလုံလောက်အောင် မစီစဉ်ပေးနိုင်ခြင်း၊ နောက်တစ်ခါ အချိန်သတ်မှတ်ချက် အတွင်း ပို့ဆောင်သောကုန်စည်များကို ပို့ဆောင်သောဌာနသို့ အချိန်မီမရောက်ခြင်း၊ မီးရထားဌာနရဲ့ လုပ်ငန်းအပေါ် ဝန်ဆောင်မှုအပိုင်းအားနည်းခြင်းများကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော် ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် တင်သွင်းသော မြန်မာ့မီးရထား သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍကို ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အဆင့် အတန်းမြှင့်တင်ပေးရေးအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျာ။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်တင်သွင်း တဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသန်းညွန့်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘာမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဖြူးမဲဆန္ဒနယ်က ဦးသန်းညွန့်တင်သွင်းသော မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမို ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဦးသန်းညွန့်၊ ဖြူးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၃-၉-၂၀၁၆ ရက်(သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကို ကျွန်တော့်အနေနဲ့ အသိပေးလိုပါတယ်။ ကျွန်တော်တို့ ဟိုတုန်းကဆိုရင် မေးခွန်းကို သုံးမိနစ်ပေးတယ်။ သို့သော် ပြည့်ပြည့်စုံစုံလေးနဲ့ အနှစ်သာရရှိရှိပြောနိုင်ဖို့ဆိုပြီးတော့ ကျွန်တော် ငါးမိနစ်တိုးပေးခဲ့တယ်။ ဟိုတုန်းက အဆိုတစ်ခုဆွေးနွေးရင် ခြောက်မိနစ်ပေးတယ်။ သို့သော် အခုနလိုပဲ ပြည့်ပြည့်စုံစုံနဲ့ အနှစ်သာရ ပိုမိုရှိအောင်ဆိုပြီးတော့ ဆယ်မိနစ်ပေးထားတယ်။ အဲဒီတော့ သတ်မှတ်ချိန်အတွင်းမှာ ပြီးစီးအောင်ဆွေးနွေးကြပါ။ ထိထိမိမိနဲ့ အနှစ်သာရရှိရှိကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆွေးနွေးပါ။ သတ်မှတ်ချိန်အတွင်းမပြီးလို့ နိဂုံးချုပ်ပါဆိုရင် ချုပ်စေချင်ပါတယ်။ ဒုတိယအကြိမ် နိဂုံးချုပ်ပါလို့ ပြောပြီးလို့ရှိရင်တော့ တတိယအကြိမ်နိဂုံးချုပ်ပါလို့ ကျွန်တော်ထပ်မံပြောမှာ မဟုတ်ပါဘူး။ အဲဒီကိုယ်စားလှယ်ကို သတိပေးတဲ့အနေနဲ့ တူထုပြီးတော့ အချက်ပေးမှာဖြစ်တယ်။ အဲဒါဆိုလို့ရှိရင်တော့ လွှတ်တော်မှတ်တမ်းမှာ အဲဒီကိုယ်စားလှယ်ဟာ သတိပေးခံရတယ်ဆိုတာ မှတ်တမ်းဝင်သွားမှာဖြစ်တယ်။ ဒါကိုတော့ အသိပေးထားတယ်။ အားလုံးနားလည်စေချင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေကြမ်းကို ၂၆-၈-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် မိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်

**မူကြမ်း**

ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ပြည်သူ့လွှတ်တော်<br>ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၂၆<br>ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂၆-၈-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၆- ၂၅၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၄-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၆-၈-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

**မူကြမ်း**

၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွား အတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတို့နှင့်အညီ ကာကွယ်နိုင်ရန် ရည်ရွယ် ချက်ဖြင့် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်- ၃) ကိုရုပ်သိမ်း၍ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို အသစ်ရေးဆွဲထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၅-၉-၂၀၁၆ ရက်၊ ၆-၉-၂၀၁၆ ရက်၊ ၇-၉- ၂၀၁၆ ရက်နှင့် ၁၂-၉-၂၀၁၆ ရက်တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုပြုပြင်ဆင်ချက်များ၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက် များပါတဲ့ ကန့်လန့်ဖြတ်ဇယားကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့ အတွက် အချိန်ကို ငဲ့ညှာသောအားဖြင့် အဆိုပါကန့်လန့်ဖြတ်ဇယားကို ဖတ်ကြားခြင်းမပြုတော့ဘဲ ကျော်ဖတ်ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ လွှတ်တော်။

[ဥပဒေကြမ်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၂၆
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂၆-၈-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၆- ၂၅၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်၌ ၄-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၆-၈-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွား အတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတို့နှင့်အညီ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃) ကိုရုပ်သိမ်း၍ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို အသစ်ရေးဆွဲထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၅-၉-၂၀၁၆ ရက်၊ ၆-၉-၂၀၁၆ ရက်၊ ၇-၉-၂၀၁၆ ရက်နှင့် ၁၂-၉-၂၀၁၆ ရက်တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး

**မူကြမ်း**

ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အဆိုပြုဥပဒေကြမ်းတွင် အခန်း(၈)ခန်း၊ အပိုဒ်ပေါင်း ၄၃ ပိုဒ်နှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုဥပဒေကြမ်းတွင် အခန်းပေါင်း(၁၀)ခန်း၊ အပိုဒ် ပေါင်း ၃၉ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များအနက် အချက်(၄၈)ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ (စ)၊ (ဆ) နှင့် (ဇ) တို့ကို ပယ်ဖျက်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) ကို အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) အဖြစ်ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက် အတိုင်းထားရှိပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ် ၂ အပိုဒ်ခွဲ(ည)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သဘာဝသယံဇာတဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံ မြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင် တို့တွင်ပါဝင် သော သက်ရှိသက်မဲ့ သယံဇာတများကိုဆိုသည်။ ထို့အပြင် အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာ သတ်မှတ်သော သဘာဝသယံဇာတများလည်း ပါဝင်သည်ဟု ပြင်ဆင်ပါသည်။

( စ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို ပယ်ဖျက် ပါသည်။

(ဆ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသည့်စကားရပ်ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန်ဟု ပြင်ဆင်ပါသည်။

(ဇ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အခန်း(၂) အပိုဒ် ၃ ကို အခန်း(၃) အပိုဒ် ၄ အဖြစ်ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဈ) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို အခန်း(၃) အပိုဒ် ၆ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နိုင်ငံခြားစစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှ သာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၇ ခြေဆင်းကို အပိုဒ် ၈ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဋ) အပိုဒ် ၇ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဈ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ငါးဖမ်းခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်းနှင့် သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံး နစ်နာစေရန် ပြုလုပ်ခြင်း ဟု ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၈ ကို အပိုဒ် ၉ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ သက်ဆိုင်ရာ ဥပဒေ များကို ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ တည်ဆဲဥပဒေများကို ဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုယ်သဘောအရဖြစ်စေ၊ အခြားသော ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရ မည်ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဏ) အပိုဒ် ၁၄ ကို အပိုဒ် ၁၅ အဖြစ်ပြင်ဆင်ပြီး အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါ သည်။

**မူကြမ်း**

(တ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အခန်း(၃) အပိုဒ် ၁၆ ကို အခန်း(၄) အပိုဒ် ၁၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အဆိုပြုပြင်ဆင်ချက် အတိုင်း ထားရှိပါသည်။

(ထ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အခန်း(၄) အပိုဒ် ၁၉ ကို အခန်း(၅) အပိုဒ် ၁၉ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အဆိုပြုပြင်ဆင်ချက် အတိုင်း ထားရှိပါသည်။

(ဒ) အပိုဒ် ၂၂ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အဆိုပြုပြင်ဆင်ချက် အတိုင်း ထားရှိပါသည်။

(ဓ) အပိုဒ် ၂၃ ကို အပိုဒ် ၂၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သီးသန့်စီးပွားရေးဇုန်အတွင်း သက်ရှိ၊ သက်မဲ့၊ သယံဇာတ ပစ္စည်းများကို စူးစမ်းရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ကိစ္စတစ်ရပ်ရပ်အတွက် ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင် သည် ဟု ပြင်ဆင်ပါသည်။

(န) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အခန်း(၅) အပိုဒ် ၂၈ ကို အခန်း(၆) အပိုဒ် ၂၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပင်လယ်ပြင်ဥပဒေပါ ဆိုသည့်စကားရပ်ကို ပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်းပါဟုလည်းကောင်း၊ ဧရိယာ အရ ဆိုသည့်စကားရပ်ကို ဧရိယာအထိဖြစ်သည်။ ယင်းဧရိယာသည်ဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ပ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၉ ကို အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတများဆိုသည်မှာ -

(က) ဓာတ်သတ္တုနှင့် ပင်လယ် ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ် ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေသော သက်ရှိသက်မဲ့သယံဇာတများဖြစ်သည်။

( ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာ သတ်မှတ်သော သဘာဝသယံဇာတများ ဖြစ်သည်။

( ဖ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သက်ရှိ၊ သက်မဲ့သယံဇာတများကို စူးစမ်းရှာဖွေခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်း၊

( ဗ) အခန်း(၈) အပိုဒ် ၂၇ အပိုဒ်(ခ)ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပစ္စည်းဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဘ) အခန်း(၉) အပိုဒ် ၂၉ ကို အပိုဒ် ၃၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၆ ၊ ၂၇ သို့မဟုတ် ၂၈ ပါတားမြစ်ချက် ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၁၊ ၃၂ သို့မဟုတ် ၃၃ ပါတားမြစ်ချက် ဟု ပြင်ဆင်ပါသည်။

( မ) အပိုဒ် ၃၁ ကို အပိုဒ် ၃၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၉ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၃၄ အရဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၃၂ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၉ တွင်ဆိုသည့် စကားရပ်ကို ပုဒ်မ ၃၄ တွင်ဟု ပြင်ဆင်ပါသည်။

( ရ) အခန်း(၁၀) အပိုဒ် ၃၅ ကို အပိုဒ် ၄၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၀ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၅ အရဟုလည်းကောင်း၊ ပုဒ်မ ၁၅ ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၁၆ ပါ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အနေဖြင့် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၉-၂၀၁၆ ရက်(တနင်္လာနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**